ကရင်ပြည်နယ်အစိုးရအဖွဲ့
ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဝန်ကြီးရုံး

အမိန့်ကြော်ငြာစာအမှတ်၊ ၀၁ / ၂၀၁၆
ဘားအံမြို့၊ ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်
(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

ကရင်ပြည်နယ်အစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ကရင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၇(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါရေချိုငါးလုပ်ငန်းနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤရေချိုငါးလုပ်ငန်းဆိုင်ရာနည်းဥပဒေများကို ကရင်ပြည်နယ်ရေချိုငါးလုပ်ငန်းဆိုင်ရာနည်းဥပဒေ များဟု ခေါ်တွင်စေရမည်။

၂။ ဤရေချိုငါးလုပ်ငန်းဆိုင်ရာနည်းဥပဒေများတွင် ပါဝင်သောစကားရပ်များသည် ရေချိုငါးလုပ်ငန်းဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပါယ် သက်ရောက်စေရမည်-

(က) ဥပဒေ ဆိုသည်မှာ ကရင်ပြည်နယ်ရေချိုငါးလုပ်ငန်း ဥပဒေကိုဆိုသည်။

(ခ) တင်ဒါငါးဖမ်းကွက် ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင်တွင် တင်ဒါလိုင်စင်ချထား၍ ငါးလုပ်ငန်းလုပ်ကိုင်ခင့်ပြုသည့် ငါးဖမ်းကွက်ကိုဆိုသည်။

(ဂ) တင်ဒါချက် ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင်တွင် တင်ဒါငါးဖမ်းကွက်အဖြစ်သတ်မှတ်ပြီး ငါးဖမ်းကိရိယာတစ်မျိုးမျိုးချထားရာ နေရာနှင့် တင်ဒါငါးဖမ်းကွက်အတွင်း ငါးဖမ်းလုပ်ကိုင်သည့်နေရာကိုဆိုသည်။

(ဃ) တင်ဒါလိုင်စင် ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင်တွင် တင်ဒါငါးဖမ်းကွက်သတ်မှတ်၍ ရောင်းချပြီး လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်ကိုဆိုသည်။

(င) နှစ်ရှည်အငှားဂရန် ဆိုသည်မှာ အင်းများပျက်စီးခြင်းမှ ကာကွယ်ရန်နှင့် အင်းများရေရှည် ငါးထုတ်လုပ်မှုကောင်းမွန်စေရန်အတွက် အင်းများကို ပြင်ဆင်ပြီး ငါးမျိုးစိုက်ထည့်ခြင်း၊ ငါးမျိုးချနလုပ်ခြင်းများကို ၃ နှစ် ၆ နှစ် နှစ်ရှည်လုပ်ကိုင်ခွင့်ပြုခြင်းကိုခေါ်သည်။

(စ) အခိုင်အမာအတားအဆီး ဆိုသည်မှာ သဘာဝအလျောက် ပေါ်ပေါက်ခြင်းမဟုတ်ဘဲ ရေချို ငါးလုပ်ငန်းရေပြင်တွင် ရေစီးရေလာအဟန့်အတားဖြစ်စေရန် လူတို့ကအခိုင်အမာပြုလုပ်ထား သော အတားအဆီး တစ်ခုခုကိုဆိုလိုသည်။

(ဆ) ပုံစံ ဆိုသည်မှာ ဤနည်းဥပဒေတွင် ပူးတွဲပါရှိသည့် ငါးလုပ်ငန်းဦးစီးဌာနမှ သတ်မှတ် ထားသော ပုံစံကို ဆိုလိုသည်။

## အခန်း (၂)
## အငှားဂရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၃။ ဂရန်အင်းများလေလံတင်ရောင်းချခြင်းကို နှစ်စဉ် ဧပြီလ(၁)ရက်နေ့မှ ဇူလိုင်လ (၁၅)ရက်အတွင်း ဆောင်ရက်ရမည်။

၄။ ပြည်နယ်ဦးစီးဌာနမှူးသည်–

(က) မိမိစီမံခန့်ခွဲရသော ပြည်နယ်အတွင်းရှိ ဂရန်အင်းများကို ခရိုင်အလိုက်လေလတင် ရောင်းချ နိုင်ရန် အောက်ပါပုဂ္ဂိုလ်များပါဝင်သောဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့ကိုဖွဲ့စည်း၍တာဝန်ပေးအပ်ရမည်–

(၁) သက်ဆိုင်ရာ ခရင်ဦးစီးဌာနမှူး ဥက္ကဋ္ဌ

(၂) ဂရန်အင်းတည်ရှိရာ မြို့နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်

(၃) ပြည်နယ်ဦးစီးဌာနမှူးမှ တာဝန်ပေးအပ်ခြင်း ခံရသည့် ဝန်ထမ်း ၁ ဦး အဖွဲ့ဝင်

(ခ) ကရင်ပြည်နယ်၏ လက်ရှိအခြေအနေအရ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးအား ဂရန်အင်း များလေလံတငရောင်းချရေးအဖွဲ့ အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်၍ အောက်ပါ လေလံတင်ရောင်းချရေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်–

(၁) ပြည်နယ်စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဥက္ကဋ္ဌ

(၂) ပြည်နယ်အထွေထွေအတွင်းရေးမှူး အဖွဲ့ဝင်

(၃) ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်ဦးစီးဌာနမှူး အဖွဲ့ဝင်

စာရင်းအင်းဦးစီးဌာနမှူး

(၄) ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး အဖွဲ့ဝင်

(၅) ပြည်နယ်ဆည်မြောင်းဦးစီးဌာနမှူး အဖွဲ့ဝင်

(၆) ပြည်နယ်ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှူး အဖွဲ့ဝင်

(၇) ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး အတွင်းရေးမှူး

(ဂ) ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးသည် ခရိုင်/မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးများ၏ လုပ်ငန်းတာဝန်များကို အခြေအနေပေါ်မူတည်၍ ကြီးကြပ်တာဝန်ယူဆောင်ရွက်ရမည်၊

(ဃ) အပိုဒ်ခွဲ(က)၊(ခ)အရဖွဲ့စည်းပေးသောဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့ကို ပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးထံတင်ပြ၍ လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ လေလံတင်ရောင်းချရေးအဖွဲ့သည်– [illegible]

(က) မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ ဂရန်အင်းများကို ၁ နှစ်ကာလအတွက် ဂရန်အင်းများ လေလံတင်ရောင်းချမည့်အစီအစဉ်ရေးဆွဲပြီး ပြည်နယ်ဦးစီးဌာနမှူးမှ ဝန်ကြီးထံ တင်ပြ၍ အတည်ပြု ချက်ရယူရမည်၊

(ခ) အပိုဒ်ခွဲ(က)အရ အတည်ပြုချက်ရရှိပါက ဂရန်အင်းလေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရက်ပေါင်း ၃၀ ကြိုတင်၍ လေလံကြော်ငြာ ပုံစံ (၁) ဖြင့် ပြည်နယ်အတွင်း မြို့နယ်များသို့ ကြေညာရမည်၊

(ဂ) အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် ဂရန်အင်းကို ထပ်မံလေလံတင်ရောင်းချပါက ဂရန် အင်းလေလံတင်ရောင်းချမည့်ရက်မတိုင်မီအနည်းဆုံး ၇ ရက်ကြိုတင်၍ လေလံကြော်ငြာ ပုံစံ (၁) ဖြင့် ပြည်နယ်အတွင်း မြို့နယ်များသို့ ကြေညာရမည်–

(၁) လေလံဆွဲဝယ်မည့်သူမရှိခြင်း၊

(၂) ကြမ်းခင်းဈေးမပြည့်မီခြင်း၊

(၃) နိုင်ငံတော်၏အကျိုးအတွက်ဖြစ်ခြင်း။

၆။ ဂရန်အင်းတစ်ခုခုတွင်ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ရရှိရန် လေလံကြော်ငြာတွင်သတ်မှတ်ထားသည့်ကာလအတွင်း ဂရန်အင်းလေလံဆွဲဝယ်ခွင့် လက်မှတ်လျှောက်လွှာ ပုံစံ(၂)တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၇။ မြို့နယ်ဦးစီးဌာနမှူးသည် လျှောက်လွှာပုံစံ(၂) လက်ခံရရှိသည့်အခါ အောက်ပါအချက်များနှင့် ညညတ်ခြင်း ရှိ မရှိ စိစစ်ရမည်-

(က) အင်းခွန်ပေးဆောင်ရန် ပျက်ကွက်သူမဟုတ်ခြင်း၊

(ခ) လွန်ခဲ့သည့် ၃ နှစ်အတွင်း ရေချိုငါးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် သဖြင့် တရားရုံး၏ ပြစ်ဒဏ်ကျခံရသူမဟုတ်ခြင်း၊

(ဂ) ကရင်ပြည်နယ်အတွင်း အခြေချနေထိုင်သူဖြစ်ခြင်း။

၈။ မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်း လေလံဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာကို အပိုဒ် ၇ အရ စိစစ်ပြီး အောက်ပါအတိုင်းဖော်ပြ၍ ခရင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်-

(က) လျှောက်လွှာကို ငြင်းပယ်လျှင် ယင်းသို့ငြင်းပယ်သည့် ကျိုးကြောင်းဖော်ပြချက်များ၊

(ခ) လျှောက်လွှာများကိုလက်ခံလျှင် ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးနိုင်ရန် ထောက်ခံတင်ပြချက်များ၊

(ဂ) အင်းလေလံရက်မတိုင်မီ ၃ ရက်ကြိုတင်၍ ခရိုင်ဦးစီးဌာနမှူးထံ အင်းလေလံဆွဲဝယ်ခွင့် လျှောက်လွှာများကို စိစစ်တင်ပြရမည်။

၉။ ခရင်ဦးစီးဌာနမှူးသည် အပိုဒ် ၈ အရ တင်ပြလာသောလျှောက်လွှာကို စိစစ်၍-

(က) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက ဂရန်အင်းလေလဆွဲဝယ်လက်မှတ် ပုံစံ(၃) ထုတ်ပေးရန် မြို့နယ်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်၊

(ခ) သတ်မှတ်ချက်များနှင့်မညီညွတ်သော လျှောက်လွှာများကို မြို့နယ်ဦးစီးဌာနမှူးထံ အချိန်မီ အကြောင်းကြားရမည်။

၁၀။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးထံမှအကြောင်းကြားစာရရှိသည့်အခါ ဂရန်အင်းလေလံ ဆွဲဝယ်ခွင့်လက်မှတ် ပုံစံ(၃)ကို လေလံပွဲမစမီအနည်းဆုံး ၁ ရက်ကြိုတင်၍ လျှောက်ထားသူအား ထုတ်ပေး ရမည်။

၁၁။ ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ရရှိသူသည်-

(က) မိမိလျှောက်ထားသည့် ဂရန်အင်းအတွက် လေလံဆွဲဝယ်ခွင့်ရှိသည်၊

(ခ) မိမိလျှောက်ထားသည့် ဂရန်အင်းအတွက် လေလံဝင်ရောက်ဆွဲဝယ်မှုမရှိလျှင် သော်လည်းကောင်း၊ ဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့ရှေ့သို့ သတ်မှတ်သည့်လေလံကြေးငွေများကို တင်ပြမှုမရှိလျှင်သော် လည်းကောင်း၊ အဆိုပါနှစ်မှ တစ်ဆက်တည်း ၃ နှစ်အတွင်း ဂရန်အင်းလေလံဆွဲဝယ်ခွင့်ကို ပိတ်ပင်ခြင်းခံရမည်။

၁၂။ ဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့သည်ဂရန်အင်းလေလံတင်ရောင်းချခြင်းမပြုမီ အောက်ပါ အချက်များအပေါ်အခြေခံ၍ ဂရန်အင်းတစ်ခုစီအတွက် လေလံကြမ်းခင်းဈေးကို သတ်မှတ်ပေးရမည်-

(က) လေလံတင်ရောင်းချသည့်ဂရန်အင်း၏ လွန်ခဲ့သော ၅ နှစ်ပျှမ်းမျှဈေးနှုန်း၊

(ခ) လေလံတင်ရောင်းချသည့်ဂရန်အင်း၏ ယခင်နှစ်ဈေးနှုန်း၊

(ဂ) ဂရန်အင်း၏ ငါးအထိအမိအခြေအနေ၊

(ဃ) ဂရန်အင်းပျက်စီး တိမ်ကောခြင်း ရှိ မရှိ။

၁၃။ ဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့သည် ဂရန်အင်းလေလံတင်ရောင်းချရာတွင် အောက်ပါ အတိုင်း ဆောင်ရက်ရမည်-

(က) ရောင်းချသည့်ဂရန်အင်းတစ်ခုစီအတွက် ဂရန်အင်းလေလံတင်ရောင်းချခြင်း အမှုတွဲ ပုံစံ(၄) ဖွင့်လှစ်ထားရှိခြင်း၊

(ခ) လေလံရောင်းချရာတွင် ဌာနမှသတ်မှတ်ထားသော လေလံစည်းကမ်းချက်များကို ပြည်နယ် ဦးစီးဌာနမှူးမှတဆင့် ဝန်ကြီးထံတင်ပြအတည်ပြုချက်ရယူခြင်း၊

(ဂ) လေလံတင်ရောင်းချမည့် ဂရန်အင်းများ၏ကြမ်းခင်းဈေးများကိုသတ်မှတ်ရာတွင် ပြည်နယ် ဦးစီးဌာနမှူးမှတဆင့် ဝန်ကြီးထံတင်ပြ အတည်ပြုချက်ရယူခြင်း၊

(ဃ) ဂရန်အင်းလေလံတင်ရောင်းချခြင်းမပြုမီ လေလံစည်းကမ်းချက်များ၊ ရောင်းချမည့်ဂရန်အင်း တစ်ခုစီ၏ စည်းကမးချက်များကို ဖတ်ကြားကြေညာခြင်း၊

(င) ဂရန်အင်းလေလံတင်ရောင်းချခြင်းကို ကြေညာထားသည့် အစီအစဉ်အတိုင်းဆောင်ရက်ခြင်း၊

(စ) လေလံဆွဲဝယ်ခွင့်ရရှိသူ တစ်ဦးကိုသော်လည်းကောင်း၊ ဈေးနှုန်းပေးထားခြင်းကိုသော်လည်း အကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်း သို့မဟုတ တားမြစ်ခြင်း၊ ထိုကဲ့သို့ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်းပြုသည့် ကျိုးကြောင်းဖော်ပြချက်ကို အမှုတွဲတွင် မှတ်တမ်းတင်ထား ပြီး ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြခြင်း၊

(ဆ) လေလံဆွဲဝယ်ခွင့်ရရှိသူများသည်ဂရန်အင်းလေလံအပြိုင်ဆွဲရာတွင် အင်းသူကြီးများမှတိုးမြှင့် ပေးသည့်ငွေ (စားပွဲတင်ငွေ) အား ဂရန်အင်းလေလံတင်ရောင်းချရေးအဖွဲ့ထံ ဆွဲဝယ်မည့် ဂရန်အင်း အတွက် တင်ပြပြီးမှသာ လေလံဆွဲဝယ်ခွင့်ပြုခြင်း၊

(ဇ) လေလံဆွဲဝယ်ခွင့်ရရှိသူများမှ မိမိ၏စိတ်ကိုထိန်းသိမ်းနိုင်စွမ်းမရှိဘဲ လေလံကြမ်းခင်းဈေး ထက် များစွာကျော်လွန်ပြီး ဈေးနှုန်းပေးပါက လေလံဆွဲဝယ်ခွင့်ရရှိသူများကို သတိပေး၍ သက်ဆိုင်သည့် ဂရန်အင်းလေလံတင်ရောင်းချခြင်းကို ခေတရပ်ဆိုင်းခြင်း၊ ထိုသို့ရပ်ဆိုင်း ပြီးနောက် နေ့ချင်းပြန်လည်ကျင်းပခြင်း၊ ထိန်းသိမ်းမရအောင် အပြိုင်အဆင်ဆက်လက် ဆွဲဝယ်နေပါက ဂရန်အင်းလေလံရောင်းချခြင်းကို ရပ်ဆိုင်း၍ ယင်းနေ့တွင်ပင် ချိတ်ပိတ် တင်ဒါတင်သွင်းစေပြီး အငှားချထားခြင်း၊

(ဈ) ဂရန်အင်းလေလံတင်ရောင်းချရာတွင် ဈေးနှုန်းအမြင့်ဆုံးပေးထားသူအား အငှားချထားခြင်း၊

(ည) လေလံဆွဲဝယ်ခွင့်ရရှိသူအား လေလံဆွဲဝယ်သည့် ဂရန်အင်းအတွက် ပေးဆောင်ရန်ရှိသည့် အင်းခွန်ငွေများကို အပြေအကျေပေးဆောင်စေသော်လည်း ပေးဆောင်ရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်ဖြင့် ဒုတိယအကြိမ် ဂရန်အင်းကို ထပ်မံလေလံတင်ရောင်းချခြင်း၊ လျော့နည်းသော ခြားနားငွေကို ပျက်ကွက်သူအား ပေးလျော်စေခြင်း၊

(ဋ) အစိုးရဌာနအဖွဲ့အစည်းတစ်ခုခုမှ လေလံဆွဲဝယ်သည့်ကိစဖြစ်လျှင် ပေးဆောင်ရန်ရှိသည့် အင်းခွန်ငွေများကို ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့မှ ၇ ရက်အတွင်း မျဉ်းသားချက် လက်မှတ်ဖြင့်
တစ်ကြိမ်တည်းအပြေအကျေပေးဆောင်စေသော်လည်းပေးဆောင်ရန်ပျက်ကွက် ပါက ပေးဆောင်ရန်ပျက်ကွက်သူ၏တာဝန်ဖြင့် ဒုတိယအကြိမ်ထပ်မံ လေလံတင်ရောင်းချ ခြင်း၊ လျော့နည်းသော ခြားနားငွေကို ပျက်ကွက်သူအား ပေးလျော်စေခြင်း၊

(ဌ) လေလံဆွဲဝယ်ရရှိသူက ဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့ ရေသို့တင်ပြသည့်ငွေများကို သက်ဆိုင်ရာဘဏ်သို့ နေ့ချင်းပြီး ပေးသွင်းနိုင်ရေးအတွက် ဆောင‌ရက်ခြင်း။

(ဍ) လေလံကြေးငွေများကို ဘဏ်သို့နေ့ချင်းပြီးပေးသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ညှိနှိုင်းဆောင်ရက်ခြင်း၊

(ဎ) အကြောင်းတစ်စုံတစ်ရာကြောင့် လေလံကြေးငွေများကို နေ့ချင်းပြီးဘဏ်သို့ပေးသွင်းနိုင်ခြင်း မရှိပါက သေတ္တာထဲတွင်ထည့်၍ လုံခြုံစွာသော့ခတ်ချိတ်ပိတ်ပြီး ဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့အဖွဲ့ဝင်အားလုံးလက်မှတ်ရေးထိုး၍ သက်ဆိုင်ရာဘဏ် သို့မဟုတ် မြန်မာ နိုင်ငံရဲတပ်ဖွဲ့စခန်းတွင် အပ်နှံထားခြင်း၊ အစောဆုံးဘဏ်ဖွင့်ရက်တွင် ဘဏ်သို ပေးသွင်း နိုင်ရေးအတွက်ဆောင‌ရက်ခြင်း၊

(ဏ) ဂရန်အင်းများလေလံတင်ရောင်းချခြင်းကို (၅)ကြိမ်အထိသာ ဆောင်ရွက်ခြင်း၊

(တ) လေလံဆွဲဝယ်ရရှိသူ၏ လေလံဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် ဂရန်အင်းလေလံတင်ရောင်းချသည့်ဈေးနှုန်းကိုရေးသွင်း၍ ဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့ အဖွဲ့ဝင်များအားလုံး လက်မှတ်ရေးထိုးပြီး အမှုတွဲ တွဲထားခြင်း။

၁၄။ ခရင်ဦးစီးဌာနမှူးသည်–

(က) မိမိစီမံခန့်ခွဲရသော ခရင်အတွင်းရှိ ဂရန်အင်းများလေလံတင်ရောင်းချခြင်း ပြီးစီးသည့်အခါ ဂရန်အင်းလေလံတင်ရောင်းချခြင်းပြီးစီးကြောင်းတင်ပြစာ ပုံစံ(၅) တွင် ပြည့်စုံစွာရေးသွင်း၍ ဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့ အဖွဲ့ဝင်အားလုံးလက်မှတ်ရေးထိုးပြီး အတည်ပြု ချက် ရယူနိုင်ရန် ပြည်နယ်ဦးစီးဌာနမှူးထံတင်ပြရမည်၊

(ခ) ပြည်နယ်ဦးစီးဌာနမှူး၏ အတည်ပြုချက်ရရှိပါက လေလံဆွဲဝယ်သည့်နေ့မှ ၁၅ ရက် အတွင်း အင‌ှားဂရန် ပုံစံ(၆) ကို လေလံဆွဲဝယ်ရရှိသူအား ထုတ်ပေးရမည်။

၁၅။ ခရင်ဦးစီးဌာနမှူးသည်–

(က) ရေစီးရေလာဆက်စပ်ပြီး အငြင်းပွားနိုင်သော ဂရန်အင်းကို အင်းဂရန်တွဲအဖြစ် ပြည်နယ်ဦးစီး ဌာနမှူး၏ကြိုတင်အတည်ပြုချက်ရယူ၍ ဂရန်အင်းတစ်ခုတည်းအနေဖြင့် သတ်မှတ်ရောင်းချ ရမည်၊

(ခ) မိမိစီမံခန့်ခွဲရသောခရင်အတွင်းရှိဂရန်အင်းများကို ၃ ကြိမ်ထလေလံတင်ရောင်းချသော်လည်း သတ်မှတ်ကြမ်းခင်းဈေးမမီပါက ကျိုးကြောင်းဖော်ပြလျက် ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြ ၍ အတည်ပြုချက်ရရှိပါက အဆိုပါဂရန်အင်းကို နီးစပ်ရာလေလံတွင်အပြီးအပြတ် ရောင်းချ ရမည်၊

(ဂ) အထက်ပိုင်းရှိ အငှားဂရန်ရရှိသူက ဂရန်အင်းကို ဆက်လက်လုပ်ကိုင်ခြင်း မရှိလျှင် ယင်းဂရန်အင်းကိုလေလံထပ်မံမပစ်ဘဲ ဂရန်အင်းဆက်စပ်လျက်ရှိသော အောက်ပိုင်းရှိ အငှားဂရန်ရရှိသူအား သတ်မှတ်ဈေးကိုပေးသွင်းစေပြီး ပြည်နယ်ဦးစီးဌာနမှူး၏ သဘော တူညီချက်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်သည်၊

(ဃ) မိမိစီမံခန့်ခွဲရသောခရင်အတွင်းရှိ ရောင်းခ|၍မရနိုင်သောဂရန်အင်းများကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သောညန်ကြားချက်များချမှတ်ပေးနိုင်ရန် မိမိ၏သဘောထားမှတ်ချက်နှင့် အတူ လေလံနောက်ဆုံးရောင်းချရက်မှ (၇)ရက်အတွင်း ပြည်နယ်ဦးစီးဌာနမှူးမှတဆင့် ဝန်ကြီးထံ တင်ပြရမည်။

၁၆။ ပြည်နယ်ဦးစီးဌာနမှူးသည် –

(က) ဂရန်အင်းများအား (၁) နှစ်အငှားချထားခြင်းကို အင်းများရောင်းချပြီးပါက ဝန်ကြီးထံ အတည်ပြုချက်တောင်းခံ၍ အတည်ပြုချက်ရရှိပါက ခရိုင်ဦးစီးဌာနမှူးထံ အကြောင်းကြား ရမည်၊

(ခ) ပိတ်သိမ်းခွင့်ပြုသည့်အင်းများကို ခရိုင်ဦးစီးဌာနမှူးမှ စိစစ်တင်ပြလာပါက ဝန်ကြီးထံဆက် လက်ထောက်ခံတင်ပြ၍ ဝန်ကြီး၏အတည်ပြုချက်ရရှိပါက မည်သူမျှလုပ်ကိုင်ခြင်းမရှိစေရန် ပိတ်သိမ်းမိန့်ကို ခရိုင်ဦးစီးဌာနမှူးထံ ထုတ်ပြန်ရမည်၊

(ဂ) လေလံရောင်းချပြီးငွေကြေးပေးသွင်းပြီးသော လေလံအင်းများကို မည်သို့သောအကြောင်း ပြချက်နှင့်မျှ ထပ်မံရောင်းချခြင်းမပြုရန် ကြီးကြပ်ဆောင်ရွက်ရမည်။

## အခန်း (၃)
## နှစ်ရှည် အငှားဂရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၁၇။ (က) မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်းတစ်ခုခုကို အင်းချောင်းတိမ်ကောခြင်းကြောင့်ဖြစ်စေ၊ ငါးထုတ်လုပ်မှုကျဆင်းခြင်းကြောင့်ဖြစ်စေ၊ နှစ်ရှည်အငှားဂရန်အဖြစ် သတ်မှတ်သင့်သည်ဟု သဘောရှိလျှင်ဖြစ်စေ၊ အငှားဂရန်ရရှိသူက မိမိဂရန်အင်းကို

နှစ်ရှည်အငှားဂရန်ခွင့်ပြုရန် လျှောက်ထားလာလျှင်ဖြစ်စေ၊ သက်ဆိုင်ရာဂရန်အင်းကို ကွင်းဆင်းစစ်ဆေးပြီး ကျိုးကြောင်း ဖော်ပြလျက် ခရိုင်ဦးစီးဌာနမှူးထံ တင်ပြရမည်၊

(ခ) ခရိုင်ဦးစီးဌာနမှူးသည် အပိုဒ်ခွဲ(က)အရ မြို့နယ်ဦးစီးဌာနမှူး၏ တင်ပြချက်အပေါ် စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ပြည်နယ်ဦးစီးဌာနမှူးမှတဆင့် ဝန်ကြီးထံ တင်ပြရမည်၊

(ဂ) ပြည်နယ်စီးဌာနမှူးသည် ဝန်ကြီးမှတဆင့် ပြည်နယ်အစိုးရအဖွဲ့၏ခွင့်ပြုချက်ရရှိပါက ခရိုင် ဦးစီးဌာနမှူးထံအကြောင်းကြားရမည်၊

(ဃ) ပြည်နယ်ဦးစီးဌာနမှူးသည် နှစ်ရှည်ဂရန် ရရှိသူများလိုက်နာရမည့် ဆောင်ရွက်ရမည့် စည်းကမ်း ချက်များကို သတ်မှတ်ပေးရမည်။

၁၈။ ဝန်ကြီးသည် ဂရန်အင်းတစ်ခုခုအတွက် နှစ်ရှည်အငှားဂရန်လျှောက်ထားလာခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံ၍ စိစစ်ရမည်-

(က) ဂရန်အင်းကို ပျက်စီးတိမ်ကောခြင်းမှ ကာကွယ်ထိန်းသိမ်းရန် လိုအပ်ခြင်း၊

(ခ) လျှောက်ထားသည့်ဂရန်အင်း၏ လွန်ခဲ့သော ၅ နှစ်က အင်းခွန်နှုန်းထားများ တည်ငြိမ်မှု ရှိခြင်း၊

(ဂ) ငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ဆောင်ရက်နိုင်သည့်အခြေအနေရှိခြင်း။

၁၉။ (က) ဝန်ကြီးသည် နှစ်ရှည်အငှားဂရန်ကို ပြည်နယ်အစိုးရအဖွဲ့၏ခွင့်ပြုချက်ရရှိလျှင် ပြည်နယ် ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်၊

(ခ) ပြည်နယ်ဦးစီးဌာနမှူးသည် အပိုဒ်ခွဲ(က)အရအကြောင်းကြားစာရရှိသည့်အခါ သတ်မှတ်ချက် များနှင့်အညီ အငှားဂရန် ပုံစံ(၆)ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၂၀။ ဝန်ကြီးသည် ဂရန်အင်းတစ်ခုခုကို နှစ်ရှည်အငှားဂရန် ချထားသည့်ကိစ္စအတွက် ပြည်နယ်ဦးစီး ဌာနမှူးမှ စိစစ်တင်ပြလာခြင်းကို ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါကိစ္စရပ်များ ကိုခွင့်ပြုနိုင်သည်-

(က) အငှားဂရန်ချထားသည့် ကာလ၊

(ခ) ဂရန်အင်းပြုပြင်ရမည့် နည်းစနစ်၊ ပြုပြင်ရမည့် အချိန်၊ ကာလ၊ နေရာနှင့်ငွေပမာဏ၊

(ဂ) အငှားဂရန်ရရှိသူက နှစ်ရှည်အငှားဂရန်ကာလအတွင်းနှစ်စဉ်တိုးမြင့်ပေးရမည့် ဂရန်အင်းငွေ ရာခိုင်နှုန်း၊

(ဃ) စည်းကမ်းချက်များ၊

## အခန်း (၄)
## တင်ဒါလိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၂၁။ တင်ဒါငါးဖမ်းကွက်များကို ဈေးပြိုင်တင်ဒါရောင်းချခြင်းအား နှစ်စဉ်ဧပြီလ (၁) ရက်နေ့မှ ဇူလိုင် လ (၁၅) ရက်နေ့အတွင်းဆောင်ရွက်ရပါမည်။

၂၂။ ပြည်နယ်ဦးစီးဌာနမှူးသည်−

(က) မိမိစီမံခန့်ခွဲရသောပြည်နယ်အတွင်းရှိတင်ဒါငါးဖမ်းကွက်များကို ခရင်အလိုက်တင်ဒါလိုင်စင် ချထားနိုင်ရန် အောက်ပါပုဂ္ဂိုလ်များပါဝင်သော တင်ဒါလိုင်စင်ချထားရေး အဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်−

| | |
|---|---|
| (၁) သက်ဆိုင်ရာ ခရင်ဦးစီးဌာနမှူး | ဥက္ကဋ္ဌ |
| (၂) တင်ဒါငါးဖမ်းကွက်တည်ရှိရာ မြို့နယ်ဦးစီးဌာနမှူး | အဖွဲ့ဝင် |
| (၃) ပြည်နယ်ဦးစီးဌာနမှူးမှ တာဝန်ပေးအပ်ခြင်း ခံရသည့် ဝန်ထမ်း ၁ ဦး | အဖွဲ့ဝင် |

(ခ) အပိုဒ်ခွဲ(က)အရ ဖွဲ့စည်းပေးသော တင်ဒါလိုင်စင်ချထားရေးအဖွဲ့ကို လိုအပ်ပါက တိုးချဲ့ ပြင်ဆင် ဖွဲ့စည်းနိုင်သည်။

၂၃။ မြို့နယ်ဦးစီးဌာနမှူးသည်−

(က) မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို ၁ နှစ်ကာလအတွက် တင်ဒါလိုင်စင်ချထားရေးအဖွဲ့က တင်ဒါလိုင်စင်ချထားမည့် တင်ဒါချက်များကို ခရင်ဦးစီး ဌာနမှူးမှတဆင့်ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြ၍ အတည်ပြုချက်ရယူရမည်၊

(ခ) တင်ဒါချက်များကိုဖော်ပြရာတွင် ခွင့်ပြုကိရိယာ၊ ခွင့်ပြုနေရာ၊ လားရာအရပ်ဒေသများကို သေချာစွာဖော်ပြပြီး ကျားပိုက်တင်ဒါချက်ဖြစ်ပါက နေရာတင်ဒါချက်နှင့်ဇရိယာတင်ဒါချက် ကို ခွဲခြားသတ်မှတ်၍ တင်ပြရမည်၊

(ဂ) အပိုဒ်ခွဲ(က)(ခ)အရ ခရင်ဦးစီးဌာနမှူး၏ အတည်ပြုချက်ရရှိပါက ငါးဖမ်းကွက်အဟောင်း ဖြစ်လျှင် တင်ဒါလိုင်စင်ချထားမည့် ရက်မတိုင်မီ ၁၅ ရက် ကြိုတင်၍ တင်ဒါကြော်ငြာ ပုံစံ (၇)ဖြင့် မြို့နယ်အတွင်း ကြေညာရမည်၊

(ဃ) တင်ဒါငါးဖမ်းကွက်အသစ်တည်ရှိရာဒေသတွင် တင်ဒါငါးဖမ်းကွက်၏ ဧရိယာသတ်မှတ်ချက်ကို ကန့်ကွက်ရန် ရှိ မရှိ တင်ဒါကြော်ငြာသည့်ရက်မတိုင်မီ ရက်ပေါင်း ၃၀ ကြိုတင် ကြေညာရမည်၊

(င) အပိုဒ်(ဂ)အရကန့်ကွက်ချက်များရှိလျှင် ကန့်ကွက်ချက်အပေါ်စိစစ်ပြီး သဘောထားမှတ်ချက် နှင့်အတူ ခရင်ဦးစီးဌာနမှူးထံ တင်ပြ၍ အဆုံးအဖြတ်ရယူရမည်၊

(စ) အပိုဒ်ခွဲ(ဃ)အရ ခရင်ဦးစီးဌာနမှူး၏ ဆုံးဖြတ်ချက်ရရှိပါက တင်ဒါငါးဖမ်းကွက်အသစ်ကို တင်ဒါလိုင်စင်ချထားမည့်ရက်မတိုင်မီ ၁၅ ရက်ကြိုတင်၍ တင်ဒါကြော်ငြာပုံစံ(၇) ဖြင့် မြို့နယ်အတွင်း ကြေညာရမည်။

၂၄။ တင်ဒါငါးဖမ်းကွက်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လသူသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိရန် တင်ဒါကြော်ငြာတွင်သတ်မှတ်ထားသည့်ကာလအတွင်း တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ ပုံစံ (၈)တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရပါမည်။

၂၅။ မြို့နယ်ဦးစီးဌာနမှူးသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ ပုံစံ(၈) လက်ခံရရှိသည့်အခါ အောက်ပါအချက်များနှင့်ညီညွတ်ခြင်း ရှိ မရှိ စိစစ်ရမည်−

(က) တင်ဒါကြေးပေးဆောင်ရန် ပျက်ကွကသူမဟုတ်ခြင်း၊

(ခ) လွန်ခဲ့သော ၃ နှစ်အတွင်း ရေချိုငါးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် သဖြင့် တရားရုံး၏ ပြစ်ဒဏ်ကျခံရသူမဟုတ်ခြင်း၊

(ဂ) ကရင်ပြည်နယ်အတွင်း အခြေချနေထိုင်သူဖြစ်ခြင်း။

၂၆။ မြို့နယ်ဦးစီးဌာနမှူးသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာက အပိုဒ် ၂၅ အရ စိစစ်ပြီး အောက်ပါအတိုင်းဖော်ပြ၍ ခရင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်−

(က) လျှောက်လွှာကိုငြင်းပယ်လျှင် ယင်းသို့ငြင်းပယသည့် ကျိုးကြောင်းဖော်ပြချက်ခြင်း၊

(ခ) လျှောက်လွှာကိုလက်ခံလျှင် တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးနိုင်ရန် တင်ဒါရောင်းချမည့်ရက်မတိုင်မီ (၃) ရက်ကြိုတင် ထောက်ခံတင်ပြခြင်း။

၂၇။ ခရင်ဦးစီးဌာနမှူးသည် အပိုဒ် ၂၆ အရ တင်ပြလာသော လျှောက်လွှာကို စိစစ်၍-

(က) သတ်မှတ်ချက်များနှင့်ညညွှတ်ပါက တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ပုံစံ(၉) ကို ထုတ်ပေးရန် မြို့နယ်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်၊

(ခ) သတ်မှတ်ချက်များနှင့်မညီညွတ်သော လျှောက်လွှာများကို မြို့နယ်ဦးစီးဌာနမှူးထံ အချိန်မီ အကြောင်းကြားရမည်။

၂၈။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးထံမှ အကြောင်းကြားစာရရှိသည့်အခါ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပုံစံ (၉) ကို တင်ဒါလိုင်စင်ချထားမည့်ရက်မတိုင်မီ အနည်းဆုံး ၁ ရက်ကြိုတင်၍ လျှောက်ထားသူအားထုတ်ပေးရမည်။

၂၉။ တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ရရှိသူသာလျှင် မိမိလျှောက်ထားသည့် တင်ဒါငါးဖမ်းကွက်အတွက် တင်ဒါဆွဲဝယ်ခွင့်ရှိသည်။

၃၀။ တင်ဒါလိုင်စင်ချထားရေးအဖွဲ့သည် တင်ဒါလိုင်စင်ချထားခြင်းမပြုမီ အောက်ပါအချက်များအပေါ် အခြေခံ၍ တင်ဒါငါးဖမ်းကွက်တစ်ခုစီအတွက် ကြမ်းခင်းဈေးနှင့်တင်ဒါစည်းကမ်းချက်များကို ပြည်နယ်ဦးစီးဌာနမှူးထံတင်ပြခွင့်ပြုချက်ရယူ၍ သတ်မှတ်ပေးရမည်-

(က) အငှားချထားသည့် တင်ဒါငါးဖမ်းကွက်၏ လွန်ခဲ့သော ၅ နှစ် ပျှမ်းမျှဈေးနှုန်း၊

(ခ) အငှားချထားသည့် တင်ဒါငါးဖမ်းကွက်၏ ယခင်နှစ်ဈေးနှုန်း၊

(ဂ) တင်ဒါငါးဖမ်းကွက်၏ ငါးအထိအမိအခြေအနေ၊

(ဃ) တင်ဒါငါးဖမ်းကွက် ပျက်စီးတိမ်ကောခြင်း ရှိ မရှိ။

၃၁။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူသည် တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ပေါ်တွင် မိမိဆွဲဝယ်လိုသည့် တင်ဒါငါး ဖမ်းကွက်အမည်၊ ပေးမည့်ဈေးနှုန်း တို့ကို ရေးသွင်း၍ စာအိတ်အတွင်းထည့်သွင်းချိတ်ပိတ်ပြီး တင်ဒါ လိုင်စင်ချထားမည့်နေ့တွင် မိမိဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက်အမည်ခေါ်သည့်အခါ တင်ဒါလိုင်စင် ချထားရေးအဖွဲ့ထံ အိတ်ကိုဖွင့်၍ ကိုယ်တိုင်တင်သွင်းရမည်။

၃၂။ တင်ဒါလိုင်စင်ချထားရေးအဖွဲ့သည် တင်ဒါလိုင်စင်ချထားရာတွင် အောက်ပါအတိုင်းဆောင်ရွက်ရမည်–

(က) ရောင်းချမည့်တင်ဒါငါးဖမ်းကွက်တစ်ခုစီအတွက် တင်ဒါငါးဖမ်းကွက်ရောင်းချသည့်အမှုတွဲ ပုံစံ(၁၀)ဖွင့်လှစ်ထားရှိခြင်း၊

(ခ) တင်ဒါလိုင်စင်ချထားခြင်းမပြုမီ တင်ဒါစည်းကမ်းချက်များ၊ တင်ဒါလိုင်စင်ချထားမည့် တင်ဒါငါးဖမ်းကွက် သတ်မှတ်ချက်များကို ဖတ်ကြားကြေညာခြင်း၊

(ဂ) တင်ဒါလိုင်စင်ချထားခြင်းကို ကြေညာထားသည့် အစီစဉ်အတိုင်း ဆောင်ရွက်ခြင်း၊

(ဃ) အိတ်ဖွင့်တင်ဒါရောင်းချရာတွင် လေလံစနစ်ဖြင့်ရောင်းချရန်လိုအပ်ပါက ပြည်နယ်ဦးစီးဌာနမှူးထံတင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ခြင်း၊

(င) တင်ဒါလိုင်စင်ချထားမည့် တင်ဒါငါးဖမ်းကွက်တစ်ခုစီအတွက် အတဖွင့်တင်ဒါဈေးနှုန်း တင်သွင်းကြရန်ခေါ်ယူခြင်း၊ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ထုတ်ယူထားသူဦးရေနှင့် အိတ်ဖွင့် တင်ဒါဈေးနှုန်း တင်သွင်းထားသူဦးရေ တို့ကို တိုက်ဆိုင်စစ်ဆေးခြင်း၊

(စ) အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းပြီးပါက တင်ဒါဆွဲဝယ်သူများအား မိမိတို့တင်သွင်းသည့် တင်ဒါဈေးနှုန်းပမာဏကို တင်ဒါလိုင်စင်ချထားရေးအဖွဲ့ရှေ့သို့ တင်ပြစေခြင်းများ၊ ငွေများကို စစ်ဆေးခြင်း၊

(ဆ) လုံလောက်သောအကြောင်းရှိပါက တင်ဒါဆွဲဝယ်ရရှိသူ တစ်ဦးကိုသော်လည်းကောင်း၊ ဈေးနှုန်းပေးထားခြင်းကို သော်လည်းကောင်း၊ အကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်း၊ ထိုကဲ့သို့ ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်းပြုသည့် ကျိုးကြောင်းဖော်ပြချက်ကိုအမှုတွဲတွင်မှတ်တမ်းတင်ထားပြီး ပြည်နယ်ဦးစီးဌာနမှူးထံတင်ပြခြင်း၊

(ဇ) တင်ဒါငါးဖမ်းကွက်အလိုက် အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းသူများအမည်နှင့် ပေးထားသောဈေးနှုန်းတို့ကိုဖတ်ကြားကြေငြာခြင်း၊ ကျန်တင်ဒါဆွဲဝယ်သူများအား ပြသခြင်း၊

(ဈ) တင်ဒါကြမ်းခင်းဈေးနှုန်း မမီပါက တင်ဒါဆွဲဝယ်သူများအားလုံးကို ဈေးနှုန်းထပ်မံတိုးမြှင့် ၍တင်သွင်းစေခြင်း၊

(ည) တင်ဒါကြမ်းခင်းဈေးထက်ကျော်လွန်ပြီး တင်ဒါဈေးနှုန်းအများဆုံးပေးသူအား တင်ဒါလိုင်စင် ချထားခြင်း၊

(ဠ) တင်ဒါဆွဲဝယ်ရရှိသူက တင်ဒါလိုင်စင်ချထားရေးအဖွဲ့ရှေ့သို့ တင်ပြသည့် တင်ဒါကြေးများကို သက်ဆိုင်ရာဘဏ်သို့ နေ့ချင်းပြီးပေးသွင်းနိုင်ရေးအတွက်ဆောင်ရက်ခြင်း၊

(ဋ) တင်ဒါကြေးကိုဘဏ်သို့နေ့ချင်းပြီးပေးသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ညှိနှိုင်းဆောငရက်ခြင်း၊

(ဍ) အကြောင်းတစ်စုံတစ်ရာကြောင့် တင်ဒါကြေးကို ဘဏ်သို့နေ့ချင်းပြီးပေးသွင်းနိုင်ခြင်းမရှိပါက တင်ဒါကြေးငွေများကိုသေတ္တာထဲတွင်ထည့်၍ လုံခြုံစွာသော့ခတ်ချိတ်ပိတ်ပြီး တင်ဒါချထားရေး အဖွဲ့ဝင်အားလုံးမှလက်မှတ်ရေးထိုး၍ သက်ဆိုင်ရာဘဏ် သို့မဟုတ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းတွင် အပ်နှံထားပြီး အစောဆုံးဘဏ်ဖွင့်ရက်တွင် ဘဏ်သို့ပေးသွင်းနိုင်ရေး အတွက် ဆောင်ရက်ခြင်း၊

(ပ) တင်ဒါဈေးနှုန်းအများဆုံးပေးခြင်းတူညီနေပါက တူညီသူများအား ချိတ်ပိတ်တင်ဒါတင်သွင်း စေခြင်း၊

(ဏ) တင်ဒါဈေးနှုန်းအများဆုံးပေးခြင်း ထပ်မံတူညီနေပါက ဈေးပြိုင်စနစ်ကို ကျင့်သုံးနိုင်ခြင်း၊

(တ) တင်ဒါဆွဲဝယ်ရရှိသူ၏ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် လိုင်စင်ချထားသည့်တင်ဒါဈေးနှုန်းကို ရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံးလက်မှတ်ရေးထိုးပြီး အမှုတွဲတွင်တွဲထားခြင်း၊

(ထ) တင်ဒါဈေးနှုန်းမမီသည့် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် တင်ဒါဈေးနှုန်းမမီကြောင်းရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံးလက်မှတ်ရေးထးပြီး အမှုတွဲတွင် တွဲထားခြင်း။

၃၃။ ခရင်ဦးစီးဌာနမှူးသည်–

(က) မိမိစီမံခန့်ခွဲသော ခရင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များ တင်ဒါလိုင်စင်ချထားခြင်းပြီးသည့် အခါတင်ဒါလိုင်စင်ချထားပြီးစီးကြောင်း တင်ပြစာ ပုံစံ (၁၁)တွင် ပြည့်စုံစွာရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်များအားလုံးလက်မှတ်ရေးထိုးပြီး အတည်ပြုချက် ရယူနိုင်ရန် ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြရမည်၊

(ခ) ပြည်နယ်ဦးစီးဌာနမှူး၏ အတည်ပြုချက်ရရှိပါက တင်ဒါလိုင်စင်ချထားနေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ ငါးဖမ်းကိရိယာလိုင်စင်ခကို အပြေအကြေပေးသွင်းစေပြီး တငဒါ လိုင်စင်ပုံစံ (၁၂)ကို တင်ဒါဆွဲဝယ်ရရှိသူအား ထုတ်ပေးရမည်၊

(ဂ) နောက်ဆုံးအကြိမ်ရောင်းချပြီး ပိတ်သိမ်းရန်လိုအပ်သော တင်ဒါချက်များကို ၇ ရက်အတွင်း ပြည်နယ်ဦးစီးဌာနမှူးထံတင်ပြရမည်။

၃၄။ ခရင်ဦးစီးဌာနမှူးသည်–

(က) မိမိစီမံခန့်ခွဲရသော ခရင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို တင်ဒါ လိုင်စင်ချထားရာတွင် တင်ဒါကြမ်းခင်းဈေးနှုန်းမမီပါက ကျိုးကြောင်းဖော်ပြလျှက် ပြည်နယ် ဦးစီးဌာနမှူးထံ တင်ပြပြီး ညွှန်ကြားချက်နှင အညီအဆိုပါတင်ဒါငါးဖမ်းကွက်ကို ထပ်မံတင်ဒါခေါ်ယူ၍ တင်ဒါလိုင်စင်ချထားရမည်၊

(ခ) မိမိစီမံခန့်ခွဲရသောခရင်အတွင်းရှိ တင်ဒါလိုင်စင်ချထား၍မရနိုင်သော တင်ဒါငါးဖမ်းကွက် များကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သောညွှန်ကြားချက်များချမှတ်နိုင်ရန် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ပြည်နယ်ဦးစီးဌာနမှူးမှတဆင့် ဝန်ကြီး ထံတင်ပြရမည်၊

(ဂ) တင်ဒါငါးဖမ်းကွက်အသစ်အဖြစ်ဖော်ထုတ်ပါက တင်ဒါချက်အဖြစ် ကန့်ကွက်ရန်မရှိလျှင် ဖော်ထုတ်ရောင်းချခွင့်ပြုရန် ပြည်နယ်ဦးစီးဌာနမှူးမှတဆင့် ဝန်ကြီးထံခွင့်ပြုချက်တောင်းခံ ရမည်၊

(ဃ) တင်ဒါချက်အသစ်များအားရောင်းချပြီး ၂ နှစ်အတွင်းပြဿနာဖြစ်ပွားခြင်းမရှိပါက ပြည်နယ် ဦးစီးဌာနမှူးထံ အတည်ပြုချက်တောင်းခံရမည်။

၃၅။ ပြည်နယ်ဦးစီးဌာနမှူးသည်–

(က) ရောင်းချမည့်တင်ဒါချက်များကြမ်းခင်းဈေးနှုန်းကို ဝန်ကြီးထံတင်ပြ၍ အတည်ပြုချက်ရယူ ထားရမည်၊

(ခ) ရောင်းချ၍မရသော တင်ဒါပိုက်ချက်များကိုဝန်ကြီးထံတင်ပြ၍ ပိတ်သိမ်းခွင့်ပြုနိုင်ပါရန် တင်ပြရမည်၊

(ဂ) တင်ဒါချက်အသစ်များအားရောင်းချပြီးပါက ၂ နှစ်အတွင်း ပြဿနာဖြစ်ပွားခြင်းမရှိကြောင်း ခရိုင်ဦးစီးဌာနမှူးမှတင်ပြလာပါက ပြည်နယ်ဦးစီးဌာနမှူးသည် ဝန်ကြီးထံတင်ပြ၍ အတည် ပြုချက်ရယူပြီး တင်ဒါငါးဖမ်းကွက်အဖြစ် အတည်ပြုကြောင်း ခရိုင်ဉးစီးဌာနမှူးထံအကြောင်း ကြားရမည်၊

(ဃ) ရောင်းချပြီးသောတင်ဒါချက်များကို ဝန်ကြီးထတင်ပြ၍ အတည်ပြုချက်ရယူရမည်။

## အခန်း (၅)
## ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၃၆။ မြို့နယ်ဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသောရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရယာအမျိုးအစားတစ်ခုခုကိုအသုံးပြု၍ ငါးလုပ်ငန်းလုပ်ကိုင်သူများအား ကြေငြာသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ငါးဖမ်းကိရိယာလိုင်စင် လျှောက်ထားရယူကြရန် ဩဂုတ်လ ၁ ရက်နေ့တွင် ကြော်ငြာစာထုတ်ရမည်။

၃၇။ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်း ကိရိယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ငါးဖမ်းကိရိယာလိုင်စင် ရရှိရန် အပိုဒ် ၃၆ အရ သတ်မှတ်သည့် ရက်အတွင်း ငါးဖမ်းကိရိယာလိုင်စင်လျှောက်လွှာ ပုံစံ (၁၃) တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထား ရမည်။

၃၈။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ကြော်ငြာစာတွင်ဖော်ပြထားသည့် သတ်မှတ်ရက်ကုန်ဆုံးသည့်အခါ လျှောက်ထားသူများ၏ စာရင်းကို ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားသူစာရင်း ပုံစံ (၁၄)ဖြင့် ပြုစုရမည်၊

(ခ) ပုံစံ (၁၄) တွင် ယခင်နှစ်က ငါးဖမ်းကိရိယာလိုင်စင်ဖြင့် ဆက်လက်လုပ်ကိုင်လိုသူများ ပါဝင်ခြင်း ရှိ မရှိ ကိုလည်းကောင်း၊ လျှောက်ထားသည့် ငါးဖမ်းကိရိယာအမျိုးအစား အတိုင်းအတာ မှန် မမှန် ကိုလည်းကောင်း၊ လိုင်စင်လျှောက်ထားခြင်းမရှိဘဲ လုပ်ကိုင်နေသူ များရှိမရှိကိုလည်းကောင်း ကျေးရွာများသို့ကွင်းဆင်းစစ်ဆေးရမည်။

၃၉။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ဘုံငါးဖမ်းကွက်အဖြစ် သတ်မှတ်ထားသော နေရာများတွင် အခွန်လွတ်ကိရိယာများမှလွဲ၍ ကျန်ငါးဖမ်းကိရိယာများအတွက် အခွန်အခရရှိစေရန် သတ်မတ်ထားသော လိုင်စင်ခ ကောက်ခံရမည်၊

(ခ) **အခ**ခိုင်အမာအတားအဆီးများ၊ ပုံသေစိုက်ကိရိယာများကို ဘုံငါးဖမ်းကွက်အတွင်း လိုင်စင် ထုတ်ပေးခြင်း၊ ခွင့်ပြုငါးဖမ်းခြင်းမပြုလုပ်ရန် တားမြစ်ရမည်၊

(ဂ) ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင်ကို လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားလာပါက ခရိုင်ဦးစီးဌာနမှူး၏ ထောက်ခံချက်နှင့်အတူ ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြလျှောက်ထား ရမည်။

၄၀။ မြို့နယ်ဦးစီးဌာနမှူးသည်–

(က) ပုံစံ (၁၄) စာရင်းအရလျှောက်ထားသူများထံမှ ငါးဖမ်းကိရိယာလိုင်စင်ခကို အပြေအကြေ ကောက်ခံပြီး၊ ငါးဖမ်းကရိယာလိုင်စင်ပုံစံ (၁၅) ထုတ်ပေးရမည်၊

(ခ) အပိုဒ်ခွဲ(က)အရ လိုင်စင်ထုတ်ပေးထားသူများ အမည်စာရင်းကို ငါးဖမ်းကိရိယာလိုင်စင် ထုတပေးသူများစာရင်းပုံစံ(၁၆)ဖြင့် လစဉ်ပြုစု၍ ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ခရင် ငါးလုပ်ငန်းဦးစီးဌာနများသို့ တစ်စောင်စီပေးပို့ပြီး ကျန်တစ်စောင်ကို ရုံးလက်ခံ အဖြစ်ထားရှိ ရမည်။

၄၁။ မြို့နယ်ဦးစီးဌာနမှူးသည်–

(က) အပိုဒ် (၃၉) အပိုဒ်ခွဲ(က)အရ ငါးဖမ်းကိရယာလိုင်စင်ခကောက်ခံရာတွင်–

(၁) ငါးဖမ်းကိရိယာအမျိုးအစားအလိုက် သတ်မှတ်ထားသည့် နှုန်းထားအတိုင်း ကောက်ခံ ရမည်၊

(၂) ငါးဖမ်းကိရိယာအမျိုးအစားအလိုက် သတမှတ်ထားသည့်နှုန်းထားနှင့် အကျုံးမဝင် သောငါဖမ်းကိရိယာကို အနီးစပ်ဆုံးတူသည့် ငါဖမ်းကိရိယာ၏ သတ်မှတ်နှုန်းအတိုင်း ကောကခံရမည်၊

(၃) ငါးဖမ်းကိရိယာတစ်ခုသည် နည်းမျိုးစုံပြောင်းလဲအသုံးပြုနိုင်ပါက အမြင့်ဆုံးပေးဆောင် ရမည့် ငါးဖမ်းကိရိယာနှုန်းထားဖြင့် ကောက်ခံရမည်၊

(ခ) အပိုဒ်ခွဲ(က)အရကောက်ခံရရှိသောငါးဖမ်းကိရိယာလိုင်စင်ခများကို ဦးစီးဌာနမှူး၏ ညန်ကြား ချက်မ႑ားနှင့်အညီ သက်ဆိုင်ရာဘဏ်သို့ ပေးသွင်းရမည်။

၄၂။ ဦးစီးဌာနသည် ၅၀၀ိ/–၊ ၁၀၀၀ိ/– စသည့် တန်ဖိုးနှုန်းထားအတိုင်း ပုံနှိပ်ထားရှိသည့် ငါးဖမ်းကိရိယာလိုင်စင်ပုံစံ (၁၅)ကို အသုံးပြုရမည်။

၄၃။ မြို့နယ်ဦးစီးဌာနမှူးသည်–

(က) ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးရာတွင် လိုင်စင်ခကို အပိုဒ် ၄၂ အရ လိုင်စင်ပုံစံ တစ်ခု၏တန်ဖိုးငွေဖြင့်မလုံလောက်လျှင် ယင်းလိုင်စင်ခငွေတန်ဖိုးငွေပြည့်မီအောင် လိုင်စင် ပုံစံများကို ပူးတွဲ၍ အသုံးပြုနိုင်သည်၊

(ခ) အပိုဒ်ခွဲ(က)အရ လိုင်စင်ပုံစံကိုတစ်ခုထက်ပို၍ အသုံးပြုပါက ပူးတွဲထုတ်ပေးသည့် လိုင်စင်ပုံစံတွင် အချက်အလက်များကို ထပ်မံရေးသွင်းရန်မလိုဘဲ လိုင်စင်တန်ဘိုးကိုဖော်ပြ၍ လက်မှတ်ရေးထိုးပေးရမည်၊

(ဂ) ငါးဖမ်းကရိယာလိုင်စင်ရရှိသူက လိုင်စင်ရရှိထားသော ငါးဖမ်းကိရိယာအမျိုးအစားမှအပ အခြားငါးဖမ်းကိရိယာအမျိုးအစားကို အသုံးပြုလျှင် ယင်းငါးဖမ်းကိရိယာအတွက် လိုင်စင်ခ ကို ထပမံကောက်ခံရမည်၊

(ဃ) ရေထွက်ပစ္စည်းဝယ်ယူစုဆောင်းခွင့်လိုင်စင်ကို ခွင့်ပြုချက်ရရှိပါက သတ်မှတ်သောနှုန်းထား နှင့်အညီ ကောက်ခံရမည်။

၄၄။ (က) ပြည်နယ်ဦးစီးဌာနမှူးသည် ငါးဖမ်းကိရိယာလိုင်စင်ပုံစံများကို အမျိုးအစားအလိုက်စာရင်း ပြုစုပြီး မြို့နယ်ဦးစီးဌာနမှူးများအားထုတ်ပေးရမည်။ စာရင်းမိတ္တူတစ်စောင်ကို ခရင်ဦးစီး ဌာနမှူးထံပေးပို့ရမည်၊

(ခ) ပြည်နယ်ဦးစီးဌာနမှူးသည် ငါးဖမ်းကိရိယာလိုင်စင်များဖြင့်ရေလုပ်သားများလိုင်စင်ရယူခြင်း ရှိ မရှိ ကို ခရိုင်ဦးစီးဌာနမှူးအား ကြီးကြပ်စစ်ဆေးရန်တာဝန် ပေးအပ်နိုင်သည်၊

(ဂ) ပြည်နယ်ဦးစီးဌာနမှူးသည် ငါးဖမ်းကိရိယာလိုင်စင်ခနှုန်းထားများကို သတ်မှတ်ပြဌာန်းပေး ရမည်၊

(ဃ) ရေထွက်ပစ္စည်းဝယ်ယူစုဆောင်းခွင့်လိုင်စင် လျှောက်ထားလာခြင်းကိုစိစစ်၍ ပြည်နယ်ဉးစီး ဌာနမှူးမှ လိုင်စင်ထုတ်ပေးနိုင်သည်။

၄၅။ မြို့နယ်ဦးစီးဌာနမှူးသည်–

(က) ငါးဖမ်းကိရိယာလိုင်စင်သုံးစွဲမှုစာရင်းများကို ငါးဖမ်းကိရိယာလိုင်စင် အရ၊အသုံး မှတ်ပုံတင် ပုံစံ(၁၇)ဖြင့် စနစ်တကျထိန်းသိမ်းထားရမည်၊

(ခ) ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးသည့်အခါ ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားရှိမှု မှတ်ပုံ တင်ပုံစံ(၁၈)တွင် အချက်အလက်များကိုပြည့်စုံစွာရေးသွင်းဖော်ပြပြီး ထိန်းသိမ်းထားရမည်။

၄၆။ မြို့နယ်ဦးစီးဌာနမှူးသည် လကုန်သည့်အခါ ငါးဖမ်းကိရိယာလိုင်စင်လချုပ်စာရင်း ပုံစံ (၁၉) ကို ပြုစု၍ ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)နှင့် ပြည်နယ်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနများသို့ တစ်စောင်စီ ပေးပို့ပြီး ကျန်တစ်စောင်ကို ရုံးလက်ခံအဖြစ်ထားရမည်။

၄၇။ ပြည်နယ်ဦးစီးဌာနမှူးသည်-

(က) ယခင်လချုပ်စာရင်းမှ လက်ကျန်အဖြစ်ဖော်ပြထားသည့် ငွေများနှင့် လက်ခံရရှိသည့် လချုပ် စာရင်းတွင် ဖော်ပြထားသော စာရင်းဖွင့်လက်ကျန်ငွေများ၊ ကောက်ခံရရှိငွေများ ကိုက်ညီ မှန်ကန်မှု ရှိ မရှိ စစ်ဆေးရမည်၊

(ခ) လချုပ်စာရင်းတွင်ဖော်ပြထားသော လင်စင်ပုံစံစာရင်းနှင့် ပြည်နယ်ရုံးများမှ ပေးပို့ထား သော လိုင်စင်ပုံစံများကိုက်ညီမှန်ကန်မှု ရှိ မရှိ စစ်ဆေးရမည်၊

(ဂ) လိုင်စင်ခများ ဘဏ်သို့ပေးသွင်းခြင်း ရှိ မရှိ၊ ပြည်နယ်ရုံးရှိစာရင်းနှင့် တိုက်ဆိုင် စစ်ဆေး ရမည်၊

(ဃ) သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးရုံး၏ လချုပ်စာရင်းတွင်ဖော်ပြထားသည့် ထုတ်ပေးထား သော လိုင်စင်ပုံစံအမျိုးအစားအလိုက် တန်ဖိုးသင့်ငွေကိုလည်းကောင်း၊ ဘဏ်သို့ပေးသွင်း ပြီးသည့်ငွေကိုလည်းကောင်း၊ ပြည်နယ်ရုံးရှိ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးရုံး၏ မှတ်ပုံတင်စာအုပ်တွင် မှတ်တမ်းပြုစုထားရမည်၊

(င) အပိုဒ်(က)(ခ)(ဂ)ပါ စစ်ဆေးရမည့်လုပ်ငန်းတာဝန်များကို ခရိုင်ဦးစီးဌာနမှူးအား တာဝန်ပေး အပ် နိုင်သည်။

## အခန်း (၆)
## နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်ထားခြင်း၊ ခွင့်ပြုခြင်း

၄၈။ ကရင်ပြည်နယ်ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ ၁၃ ပါပြဋ္ဌာန်းချက်များနှင့်ညီညတ်သူသည် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်တွင် ငါးလုပ်ငန်းလုပ်ကိုင်လိုပါက ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီဆောင်ရက်ပြီး ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် ပုံစံ (၂၀)တွင် အချက်အလက် များကိုပြည့်စုံစွာ ရေးသွင်းပြီး ပြည်နယ်ဦးစီးဌာနမှူးထံလျှောက်ထားရမည်။

၄၉။ ပြည်နယ်ဦးစီးဌာနမှူးသည် အပိုဒ် ၄၈ အရ လျှောက်လွှာလက်ခံရရှိပါက စိစစ်ပြီးခွင့်ပြုသင့်သည်ဟုယူဆလျှင် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ပေးဆောင်စေသင့်သည့်နိုင်ငံခြားငွေအမျိုးအစားနှင့် ဈေးနှုန်းတို့ကိုဖော်ပြပြီး ဝန်ကြီးထံတင်ပြရမည်။

၅၀။ ဝန်ကြီးသည် အပိုဒ် ၄၉ အရ ပြည်နယ်ဦးစီးဌာနမှူးက တင်ပြလာသည့်လျှောက်လွှာကို စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၅၁။ ဝန်ကြီးက အပိုဒ် ၄၈ အရ လျှောက်ထားလာသည့် လျှောက်လွှာနှင့်စပ်လျဉ်း၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုလျှင် ပြည်နယ်ဦးစီးဌာနမှူးသည် အောက်ပါအချက်များအပေါ်အခြေခံ၍ အင်းခွန် သို့မဟုတ် တင်ဒါကြေးနှင့် လိုင်စင်ခတို့ကို နိုင်ငံခြားငွေဖြင့်သတ်မှတ်ပေးရမည်-

(က) လျှောက်ထားသည့်ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏ လွန်ခဲ့သော ၅ နှစ်ပျှမ်းမျှ ဈေးနှုန်း၊

(ခ) လျှောက်ထားသည့်ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏ ယခင်နှစ်ဈေးနှုန်း၊

(ဂ) လျှောက်ထားသည့်ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏ ငါးအထိအမိအခြေအနေ၊

(ဃ) လျှောက်ထားသည့်ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်ပျက်စီးတိမ်ကောခြင်း ရှိမရှိ။

၅၂။ ပြည်နယ်ဦးစီးဌာနမှူးသည်-

(က) အပိုဒ် ၅၁ အရ ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်အတွက် သတ်မှတ်ထားသော အင်းခွန် သို့မဟုတ် တင်ဒါကြေးနှင့် လိုင်စင်ခတို့ကို နိုင်ငံခြားငွေဖြင့် ပေးသွင်းစေရန် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူအား ညွှန်ကြားရမည်၊

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူထံမှ အင်းခွန် သို့မဟုတ် တင်ဒါကြေးနှင့် လိုင်စင်ခလက်ခံရ ရှိလျှင် သက်ဆိုင်ရာအငှားဂရန် ပုံစံ (၆) သို့မဟုတ် တင်ဒါလိုင်စင် ပုံစံ (၁၂) ကို လျှောက်ထားသူအား ထုတ်ပေးရမည်၊

(ဂ) အငှားဂရန် သို့မဟတ် တင်ဒါလိုင်စင်ထုတ်ပေးသည့်အခါငါးလုပ်ငန်းလပ်ကိုင်ခွင့်ရရှိသူက လိုက်နာရမည်စည်းကမ်းချက်များသတ်မှတ်ပေးရမည်၊

(ဃ) အင်းဂရန် သို့မဟုတ် တင်ဒါငါးဖမ်းကွက် လေလံဆွဲဝယ်ရရှိသူက အာမခံပစ္စည်းအဖြစ် တင်သွင်းထားသော ပစ္စည်းများနှင့်စပ်လျဉ်း၍ ပေးဆောင်ရမည့် အခွန်ငွေများအတွက် လုံလောက်သည်ဟု ယူဆလျှင် အာမခံပေး ကတိခံဝန်ချုပ် ပုံစံ (၂၁) ကို ချုပ်ဆိုရမည်၊

(င) အပိုဒ်ခွဲ(က)အရ ကတခံဝန်ချုပ် ချုပ်ဆိုခြင်းကို လေလံဆွဲဝယ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အပြီးဆောင်ရွက်ရမည်။

## အခန်း(၇)
## မိတ္တူလျှောက်ထားခြင်း

၅၃။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် မိမိ၏ အင်္ဂါးဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာ လိုင်စင်ပျောက်ဆုံးပါက ယင်းသို့ပျောက်ဆုံးသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း မိတ္တူရရှိရန် သက်ဆိုင်ရာ ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၅၄။ (က) သက်ဆိုင်ရာ ဦးစီးဌာနမှူးသည် အပိုဒ် ၅၃ အရ လျှောက်လွှာလက်ခံရရှိလျှင် စိစစ်ပြီး မှန်ကန်ပါက အင်္ဂါးဂရန်အတွက်ဒဏ်ကြေးငွေ ၅၀၀၀ ကျပ်ကိုလည်းကောင်း၊ တင်ဒါလိုင်စင် အတွက်ဒဏ်ကြေးငွေ ၁၀၀၀ ကျပ်ကိုလညးကောင်း၊ ငါးဖမ်းကိရိယာလိုင်စင်အတွက် ဒဏ်ကြေးငွေ ၅၀၀ ကျပ်ကိုလည်းကောင်း ပေးသွင်းစေ၍ သက်ဆိုင်ရာ မိတ္တူကို ထုတ်ပေး ရမည်၊

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အပိုဒ်ခွဲ(က)အရ သက်ဆိုင်ရာမိတ္တူရရှိပြီးနောက် မိမိ ပျောက်ဆုံးသည့်မူရင်းပြန်လည်တွေ့ရှိလျှင် မူရင်းကို သက်ဆိုင်ရာဦးစီးဌာနမှူးထံ ပြန်လည် အပ်နှံရမည်။

## အခန်း (၈)
## အင်္ဂါးဂရန်ရရှိသူ၏ တာဝန်နှင့် ဆောင်ရက်ပိုင်ခွင့်များ

၅၅။ အင်္ဂါးဂရန်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းသတ်မှတ်သည်-

(က) အင်္ဂါးဂရန်ကို အမှန်တကယ်လုပ်ကိုင်လိုသူ မည်သူမဆို လေလံဆွဲဝယ်ခွင့်ရှိခြင်း၊

(ခ) ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် ဝန်ကြီးက အင်္ဂါးဂရန်ကို ရပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလျှင်ဖြစ်စေ၊ အရစ်ကျအင်းခွန်ငွေကို ပေးဆောင်ရန် ပျက်ကွက် သည်ဖြစ်စေ၊ တင်ဒါငါးဖမ်းကွက်နှင့်စပ်လျဉ်း၍

ကျန်ရှိသည့်ငါးဖမ်းရာသီအတွက် ဂရန်အင်း ကို ထပ်မံလေလံတင်ရောင်းချရာတွင် မူလချထားသည့်တန်ဖိုးမပြည့်မီပါက ယင်း နစ်နာ ဆုံးရှုံးမှုကို ပေးလျော်ရန်တာဝန်ရှိခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသည့် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏အစိတ်အပိုင်း တစ်ခုခုကို ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် အခြားသူတစ်ဦးတစ်ယောက်အားလုပ်ကိုင်ခွင့်ပြုပါက ၎င်းတို့၏လုပ်ကိုင်ဆောင်ရက်ချက်များကို မိမိကိုယ်တိုင်ဆောင်ရက်သကဲ့သို့တာဝန်ခံခြင်း၊

(ဃ) ငါးဖမ်းလုပ်ကိုင်ခွင့်ရှိသည့် အငှားဂရန်အင်းနှင့် တင်ဒါငါးဖမ်းကွက်နယ်နိမိတ်အတွင်း၌သာ ငါးဖမ်းဆီးခွင့်ရှိခြင်း၊

(င) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ဂရန်အင်းနှင့် တင်ဒါငါးဖမ်းကွက်စည်းကမ်းချက်တွင် ဖော်ပြထားသည့် ငါးဖမ်းဆီးခွင့် ကာလအတွင်း ငါးဖမ်းဆီးခွင့်ရခြင်း၊

(စ) အငှားဂရန်စည်းကမ်းချက်ပါအတိုင်း ဆည်၊ ငါးဖမ်းကိရိယာများ ပြုပြင်တည်ဆောက်ခြင်း၊ ရွှေ့ပြောင်းခြင်းများကို ငါးဖမ်းခွင့်ပြုသည့်ရက်မတိုင်မီ (၃၀)ရက် ကြိုတင်၍ ခရိုင်ဦးစီးဌာန မှူးထံခွင့်ပြုချက်တောင်းခံပြီး ခရိုင်ဦးစီးဌာနမှူးမှ ပြည်နယ်ဦးစီးဌာနမှူးထံတင်ပြ၍ ခွင့်ပြုချက် ရရှိမှသာ လုပ်ကိုင်ခွင့်ရှိခြင်း၊

(ဆ) တောချဆည်၊ မြင်းဝန်းဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည် သို့မဟုတ် ဘဝန်းကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီဆောင်ရက်ခြင်း၊

(ဇ) ပြည်နယ်ဦးစီးမှူး၏ခွင့်ပြုချက်မရရှိဘဲ တောချဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ် ဆည်၊ သို့မဟုတ် ဘဝန်းကို စက်တင်ဘာလ ၁ ရက် မတိုင်မီ ချထားခြင်းမပြုရ။ သို့ရာတွင် ဖော်ပြပါဆည်များကို ဧပြီလ ၃၀ ရက်နေ့တွင် ကုန်စင်အောင်ဖယ်ရှားထားခြင်း၊

(ဈ) တောချဆည်၊ မြင်းဝန်းဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည် သို့မဟုတ် ပုစွန် ဖောင်ဖြင့် လုပ်ကိုင်ရာတွင် ချောင်းမြောင်းများ၌ သွားလာနိုင်ရန် မြစ်ချောင်းအင်းများ၌ လှေ၊ မော်တော်လမ်း လုံလောက်စွာထားရှိခြင်း၊

(ည) တောချဆည်၊ မြင်းဝန်းဆည်တို့ချထားသော အထက်ပိုင်းရှိတင်ဒါငါးဖမ်းကွက်မှရေစီးရေလာ သည် အောက်ပိုင်းရှိ တင်ဒါငါးဖမ်းကွက်အတွင်းစီးဆင်းနေသဖြင့် ယင်းသို့ ရေစီးရေလာ ဆက်စပ်နေပါက

အောက်ပိုင်းရှိ တင်ဒါငါးဖမ်းကွက်ရရှိသူက မေတာရပ်ခံလာလျှင် အထက်ပိုင်းရှိ အငှားဂရန်ရရှိသူက ဧပြီလ (၃၀) ရက်နေ့အထိ၊ ဆည်များ တားဆီး၍ ပိတ်ထားခြင်း၊

(ဍ) အထက်ပိုင်းရှိတင်ဒါငါးဖမ်းကွက်နှင့် အောက်ပိုင်ရှိတင်ဒါငါးဖမ်းကွက် ရေစီးရေလာဆက်စပ် နေပါက အထက်ပိုင်းမှအောက်ပိုင်းသို့လာသော ငါးများဖမ်းဆီးရန် အထက်ပိုင်းရှိတင်ဒါ ငါးဖမ်းကွက်တွင် အ၀ချုပ်ဆည် ကို အသုံးပြုခွင့်မရှိစေရ၊

(ဎ) ဂရန်အင်းအတွင်းမှ ဒိုက်မှော်တို့ကို ရှင်းလင်းဖယ်ရှားရာတွင် ဒီဇင်ဘာ (၃၁) ရက်နေ့မတိုင်မီ ရေကြောင်းလမ်းမှ မျှောချရှင်းလင်းခြင်း၊ ကြင်းကျန်ရှိနေသည့် ဒိုက်၊ မှော် တို့ကို ဇန်နဝါရီ လ(၃၁)ရက်နေ့မတိုင်မီ ကမ်းပေါ်ဆွဲတင၍ အနီးနားရှိသစ်ပင်များကို မထိခိုက်စေဘဲ တပို့တွဲ ဖေဖော်ဝါရီလကုန်ရက်မတိုင်မီ အကုန်အစင်ဖျက်ဆီးဖယ်ရှားခြင်း၊

(ဏ) ဂရန်အင်းအတွင်းမှ သစ်ပင်၊ ငုတ်၊ တိုင်နှင့် အမှိုက်စသည်တို့ကို နှစ်စဉ် ဧပြီလ (၁) ရက်နေ့ တွင် အနီးနားရှိ သစ်ပင်များကို မထိခိုက်စေဘဲ ရှင်းလင်းခြင်း၊

(ṭ) ဘုန်းကြီးကျောင်းပရဝုဏ်မှ ကိုက် ၁၀၀ အတွင်း ငါးဖမ်းခြင်းကို ရှောင်ရှားခြင်း၊

(ထ) ဦးစီးဌာန၏ခွင့်ပြုချက်မရရှိဘဲ အောက်ဖော်ပြပါ ငါးဖမ်းကိရိယာများဖြင့် ငါးဖမ်းခြင်း သို့မ ဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ကိုအသုံးပြု၍ ငါးဖမ်းခြင်းမပြုရ-

(၁) လက်ဆည်နှင့် ကတက်တုန်းများအပါအဝင်ဖြစ်သော ဆည်တမံတာရအမျိုးမျိုး၊ ၄င်း အပြင် မြင်းဝန်းဆည် သို့မဟုတ် အခြားဆည်များ၊ အောက်ခြေတွင် မြေနှင့်ဖြစ်စေ ဖျာရင်များနှင့်ဖြစ်စေ ပြုလုပ်ထားသောတမံများဖြင့်ဖမ်းဆီးခြင်း၊

(၂) ထူးများ၊ တုတ်များဖြင့်ရေထုတ်ခြင်းမှတစ်ပါး အခြားနည်းဖြင့်ရေထုတ်ခြင်း၊

(၃) ငါးများခိုအောင်းနိုင်စေရန် ဒိုက်၊ မှော်၊ ချုံ၊ သစ်ကိုင်း၊ ဂတုံး၊ တောင်းကဲ့သို့ အလားတူ အရာများချထားခြင်း၊

(၄) ပိုက်ကွက်ကြိုးတစ်လျှောက်တိုင်းတာလျှင် အထုံးတစ်ခုနှင့်တစ်ခုအကြား ၁/၂ လက်မ အောက်လျော့သည့်ပိုက်များ၊

(၅) ငါးကြီးတွင်းများဖြင့်ဖမ်းဆီးခြင်း၊

(၆) ဂုန်နီ၊ ပိတ်စ၊ ပလပ်စတစ် သို့မဟုတ် နိုင်လွန်ရက်ထည် စသည်တို့ဖြင့် ရေလမ်းကြောင်း ပိတ်၍ ဖမ်းဆီးခြင်း၊

(၇) လျှပ်စစ်ဓါတ်ဖြင့် ငါးဖမ်းခြင်း၊

(၈) အဆိပ်အတောက်၊ ပေါက်ကွဲစေတတ်သောပစ္စည်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေတတ်သော အခြားပစ္စည်းများအသုံးပြု၍ ငါးဖမ်းခြင်း၊

(တ) ဦးစီးဌာနကအခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း။

၅၆။ အငှားဂရန်ရရှိသူ၏ ဆောင်ရက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏ အစိတ်အပိုင်းတစ်ခုခုကို ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် အခြားသူတစ်ဦးသို့ဖြစ်စေ၊ အများသို့ဖြစ်စေ ငါးဖမ်းဆီးခွင့်ကို တိုက်ရက်သောလည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း တဆင့်အငှားချထားခြင်း၊

(ခ) အငှားဂရန်ရရှိသူ ကွယ်လွန်ပါက ယင်းလုပ်ငန်းကိုဆက်လက်လုပ်ကိုင်မည့် အမွေစားအမွေခံ တို့၏သဘောတူညီချက်ရရှိသူက ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနမှူး မှတဆင့် ခရိုင်ဦးစီးဌာနမှူးထံဆက်လက်လုပ်ကိုင်ခွင့်လျှောက်ထားခြင်း၊ အကယ်၍ တစ်ဦးထက်ပို၍လျှောက်ထားလာလျှင် ခရိုင်ဦးစီးဌာနမှူးက စိစစ်ပြီး ယင်း၏ခွင့်ပြုချက်နှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့်ရှိခြင်း၊

(ဂ) ငါးဖမ်းဆီးလုပ်ကိုင်ခွင့်ရရှိထားသူသည် အင်းဂရန်စည်းကမ်းသတ်မှတ်သည့် ကာလအတွင်း ငါးဖမ်းဆီးခွင့်ရှိခြင်း။

(ဃ) တောချဆည်ဖြစ်ပါက လိုအပ်သောအရပ်၌ ချထားနိုင်ခြင်း၊ အကယ်ဆည်ဖြစ်ပါက အင်းနယ်နိမိတ်အတွင်း ဓလေ့ထုံးစံအတိုင်းချထားခြင်း၊ မြင်း၀န်းဆည်ဖြစ်ပါက ခွင့်ပြုချက်နှင့်အညီချထားခြင်း၊

(င) အထက်ဆည်နှင့်အောက်ဆည် ရေစီးရေလာဆက်စပ်နေပါက အထက်ဆည်၏ နယ်နိမိတ်အတွင်းရှိ နောက်ဆုံးဆည်ခြေရင်း ရေပြင်ကို အောက်ဆည်အငှားဂရန်ရရှိသူက ပိုင်ဆိုင်ခွင့် ရှိခြင်း၊

(စ) တောချဆည်နှင့်မြင်း၀န်းဆည်ကို အထက်ပိုင်ရှိအငှားဂရန်ရရှိသူက အပိုဒ် ၅၅၊ အပိုဒ်ခွဲ (ဠ)နှင့်အညီ ပိတ်ဆို့ထားရန်ပျက်ကွက်လျှင် အောက်ပိုင်းရှိ အငှားဂရန်ရရှိသူက

ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်ကို ဆက်လက်လုပ်ကိုင်ခြင်းမရလျှင်အောက်ပိုင်းရှိအငှားဂရန် ရရှိသူကကျန်ရှိသောငါးလုပ်ငန်းရာသီအတွက် အထက်ပိုင်းရှိတင်ဒါငါးဖမ်းကွက်ကို ကျသင့် သော အခွန်အခ ပေးဆောင်၍ လုပ်ကိုင်ခွင့်ရှိခြင်း၊

(ဆ) သီးသန့်အင်းနှင့် လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင် အထက်ပိုင်းရှိ တင်ဒါငါးဖမ်းကွက်တွင် အဝချုပ်ဆည်ကို တန်ခူးလပြည့်နေ့အထိ အသုံးပြုခွင့်ရှိခြင်း၊

(ဇ) မိမိတင်ဒါငါးဖမ်းကွက်အတွင်း အဝချုပ်ဆည်ကိုအသုံးပြုခွင့်ရှိသော်လည်း အောက်ပိုင်းရှိ တင်ဒါငါးဖမ်းကွက်နှင့် ရေစီးရေလာဆက်စပ်နေပါက ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်း ကွက်နှစ်ခုအကြား အမြဲတမ်းတားဆီး၍ ပိတ်ထားသည့် ယင်းတန်းများ ချထားခွင့်မရှိခြင်း၊

(ဈ) ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်များအတွင်း တောချဆည်နှင့်အဝချုပ်ဆည်များ အပြင် အောက်ပါငါးဖမ်း ကိရိယာများကို အသုံးပြုနိုင်ခြင်း−

(၁) ထောင်ချောက်များ၊ (ထောင်ချောက်၏ အစိပ်အကျဲတစ်ခုနှင့်တစ်ခုသည် ၁/၂ လက်မ အောက် လျော့နည်းပါက ဖမ်းဆီးခွင့်မရှိစေရ)၊

(၂) ဂျမ်းများ၊

(၃) ဘဝန်းများ (၄င်းဘဝန်းများအတွင်း ကိုင်းရးများကို ရေအောက်မြေပေါ်တွင် စိုက်ထား နိုင်သည်၊ သိသော်လည်း ငါးဖမ်းလုပ်ကိုင်သည့်ရာသီကုနဆုံးသည့်အခါ ဖယ်ရှား ရမည်)၊

(၄) ပိုက်သီသောကြိုးတစ်လျှောက်တိုင်းတာလျှင် အထုံးတစ်ခုနှင့်တစ်ခုအကြား ပိုက်ကွက် ၃/၄ လက်မအောက်မလျော့သော ပိုက်ကကများ၊

(၅) ဆောင်းများ၊

(၆) ငါးမျှားချိတ်များ၊

(၇) ပုစွန်ဖောင်များ၊

(၈) မြင်းဝန်းဆည်များ၊

(ည) ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်လုပ်ကိုင်ခွင့်ကို ဤနည်းဥပဒေများတွင် သီးခြား ပြဋ္ဌာန်းထားခြင်းမရှိလျှင် တင်ဒါငါးဖမ်းကွက်ကို ဒေသဓလေ့ထုံးစံနှင့်အညီဆောင်ရွက် နိုင်ခြင်း၊

(ဋ) အင်းဂရန်စည်းကမ်းချက်တွင် ခွင့်ပြုငါးဖမ်းရက်ထက်ကျော်လွန်ငါးဖမ်းဆီးခွင့် လျှောက်ထား ခြင်းကို ကျိုးကြောင်းခိုင်လုံပါက သတ်မှတ်ကာလမကုန်ဆုံးမီ (၃၀) ရက်ကြိုတင်၍ ပြည်နယ် ဦးစီးဌာနမှူးမှတဆင့် ဝန်ကြီးထံ တင်ပြလျှောက်ထားခွင့်ရှိခြင်း၊

(ဌ) နိုင်ငံတော်၏အကျိုးငှာ လိုအပ်၍ အငှားဂရန်ဆိုင်းငံ့ခြင်း၊ သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင် မိမိပေးသွင်းထားသည့် အင်းခွန်မှ ပြန်အမ်းငွေကို လျှောက်ထားနိုင်ခွင့်ရှိခြင်း။

## အခန်း (၉)
## တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်ပိုင်ခွင့်များ

၅၇။ တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တင်ဒါလိုင်စင်ကို အမှန်တကယ်လုပ်ကိုင်လိုသူ မည်သူမဆိုတင်ဒါဆွဲဝယ်ခြင်းပြုခြင်း၊

(ခ) ဥပဒေပါပြဋ္ဌာန်းချက်တရပ်ရပ်ကိုဖေါက်ဖျက်သဖြင့် ဝန်ကြီးကတင်ဒါလိုင်စင်ကိုရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရလျှင်ကျန်ရှိသည့် ငါးဖမ်းရာသီအတက် တင်ဒါငါးဖမ်းကွက်ကို ပြန်လည်တင်ဒါချထားရာတွင် မူလချထားသည့် တန်ဖိုးမပြည့်မီပါက ယင်းနစ်နာဆုံးရှုံးမှု မှန်သမျှကို ပေးလျှော်ရန်တာဝန်ရှိခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသည့် တင်ဒါချက်၏အစိတ်အပိုင်းတစ်ခုခုကို ဦးစီးဌာန၏ခွင့်ပြု ချက်ဖြင့် အခြားတစ်ဦးတစ်ယောက်အားလုပ်ကိုင်ခွင့်ပြုပါက ၎င်း၏လုပ်ကိုင်ဆောင်ရွက်ချက် များကို မိမိကိုယ်တိုင်ဆောင်ရွက်သကဲ့သို့ တာဝန်ခံရခြင်း၊

(ဃ) ငါးဖမ်းလုပ်ကိုင်ခွင့်ရှိသည့် တင်ဒါချက်နယ်နိမိတ်အတွင်း၌သာ ငါးဖမ်းခွင့်ရှိခြင်း၊

(င) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် တင်ဒါစည်းကမ်းချက်တွင်ဖော်ပြထားသည့် ငါးဖမ်းဆီး ခွင့်ကာလအတွင်း ငါးဖမ်းဆီးခွင့်ရှိခြင်း၊

(စ) တင်ဒါလိုင်စင်စည်းကမ်းချက်ပါအတိုင်း ငါးဖမ်းကိရိယာများ ပြုပြင်တည်ဆောက်ခြင်း၊ ရွှေပြောင်းခြင်းများကို ငါးဖမ်းခွင့်ပြုရက်မတိုင်မီ (၃၀)ရက် ကြိုတင်၍ ခရိုင်ဦးစီးဌာနမှူးထံ ခွင့်ပြုချက်တောင်းခံပြီး ခရိုင်ဦးစီးဌာနမှူးမှ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးထံတင်ပြ၍ ခွင့်ပြုချက်ရရှိမှသာ လုပ်ကိုင်ခွင့်ရှိခြင်း၊

(ဆ) အခိုင်အမာအတားအဆီး သို့မဟုတ် ငါးဖမ်းကိရိယာတစ်ခုခုကို အသုံးပြုပြီးပါက ရေစီးရေလာကိုအနှောက်အယှက်မဖြစ်စေရန်ဖယ်ရှားရခြင်း၊

(ဇ) သစ်ဖောင်များ၊ အခြားသစ်တောထွက်ပစ္စည်းများ မျှောချမှုနှင ရေယာဉ်များသွားလာမှုကို အနှောင့်အယှက်မဖြစ်စေရန် ရေကြောင်းလမ်းထားရှိခြင်း၊ နေ့အချန်တွင်မြင်သာသော အမှတ်အသားများဖြင့်လည်းကောင်း၊ ညအချိန်တွင် မီးဖြင့်လည်းကောင်း ရေကြောင်းလမ်းကို အချက်ပြထားခြင်း၊

(ဈ) ဘုန်းကြီးကျောင်း ပရဝုဏ်မှ ကိုက် ၁၀၀ အတွင်းငါးဖမ်းခြင်းကို ရှောင်ရှားခြင်း၊

(ည) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း။

၅၈။ တင်ဒါလိုင်စင်ရရှိသူ၏ ဆောင်ရက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) တင်ဒါချက်အစိတ်အပိုင်းတစ်ခုခုကို ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် အခြားသူတစ်ဦးသို့ဖြစ်စေ အများသို့ဖြစ်စေ ငါးဖမ်းဆီးခွင့်ကိုတိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထပ်ဆင့်အငှားချထားပိုင်ခွင့်ရှိခြင်း၊

(ခ) နိုင်ငံတော်၏အကျိုးငှာလိုအပ်၍တင်ဒါလိုင်စင်ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင် မိမိပေးသွင်းထားသော တင်ဒါကြေးမှပြန်အမ်းငွေကို လျှောက်ထားနိုင်ခွင့်ရှိခြင်း၊

(ဂ) တင်ဒါလိုင်စင်ရရသူကွယ်လွန်ပါက ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်မည့် အမွေစား အမွေခံ သို့မဟုတ် အမွေစား အမွေခံတို့၏သဘောတူညီချက်ရရှိသူက ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာမြို့နယ်ဦးစီး ဌာနမှူးမှတဆင့် ခရင်ဦးစီးဌာနမှူးထံ ဆက်လက်၍ လုပ်ကိုင်ခွင့်လျှောက်ထားခြင်း၊ အကယ်၍ တစ်ဦးထက်ပို၍လျှောက်ထားလာလျှင် ခရင်ဦးစီး ဌာနမှူးက စိစစ်ပြီး ၎င်း၏ ခွင့်ပြုချက်နှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့်ရှိခြင်း၊

(ဃ) မိမိလုပ်ကိုင်ခွင့်ရရှိသည့် တင်ဒါငါးဖမ်းကွက်တွင် ခွင့်ပြုထားသည့်ကာလအတွင်း ခွင့်ပြုထားသည့်ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိခြင်း။

## အခန်း (၁၀)
## ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့်ဆောင်ရက်ပိုင်ခွင့်

၅၉။ ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏တာဝန်နှင့်ဆောင်ရက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ငါးဖမ်းကိရိယာတစ်ခုခုကို အသုံးပြုပြီးပါက ရေစီးရေလာကို အနှောင့်အယှက်မဖြစ်စေရန် ဖယ်ရှားထားခြင်း၊

(ခ) သစ်ဖောင်များ၊ အခြားသစ်တောထွက်ပစ္စည်းများ မျှောချမှုနှင ရေယာဉ်များသွားလာမှုကို အနှောင့်အယှက်မဖြစ်စေရန် ရေကြောင်းလမ်းထားရှိခြင်း၊ နေ့အချိန်တွင်မြင်သာသော အမှတ်အသားများဖြင့်လည်းကောင်း၊ ညအချိန်တွင် မီးဖြင့်လည်းကောင်း ရေကြောင်းလမ်းကို အချက်ပြထားခြင်း၊

(ဂ) မိမိလုပ်ကိုင်ခွင့်ရရှိသည့်နေရာဒေသတွင် ခွင့်ပြုထားသည့် ကာလအတွင်း ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိခြင်း၊

(ဃ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း။

## အခန်း (၁၁)
## ဝန်ကြီး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆၀။ ဝန်ကြီးသည် ဥပဒေ ပုဒ်မ ၂၃၊ ပုဒ်မခွဲ(က)အရ–

(က) ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစားပြောင်းလဲသတ်မှတ်ရာတွင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသည့် အချိန်ကာလကျော်လွန်ပြီးမှသာပြောင်းလဲသတ်မှတ်ရမည်၊

(ခ) ရေချိုငါးလုပ်ငန်းရေပြင်အဖြစ်မှပယ်ဖျက်ရာတွင် ပယ်ဖျက်သည့်ဧရိယာကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

၆၁။ ဝန်ကြီးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွငရရှိသူတစ်ဦးက ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)အရ အရေးယူသည့်ကိစ္စတွင် ငါးဖမ်းရာသီ မကုန်ဆုံးသေးပါက သက်ဆိုင်ရာအငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်ဖြင့်ထပ်မံ အငှားချထားနိုင်ရန် ပြည်နယ်ဦးစီးဌာနမှူးအား ညွှန်ကြားနိုင်သည်။

၆၂။ ဝန်ကြီးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ) အရ အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်–

(က) ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူပြီးသော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့် အခြားသက်သေခံပစ္စည်းများကို လေလံတင်ရောင်းချရေးအဖွဲ့ ဖွဲ့စည်း၍ အဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးခြင်း၊ လေလံတင်ရောင်းချစေခြင်း၊

(ခ) လေလံတင်ရောင်းရငွေကို ဘဏ္ဍာသို့ပေးသွင်းစေခြင်း၊

(ဂ) ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူပြီးသောငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာနှင့်အခြားသက်သေခံပစ္စည်းများကို အစိုးရဌာနတစ်ခုခုကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ လွှဲပြောင်းပေးရန် သို့မဟုတ် ရောင်းချပေးရန် လျှောက်ထားလာပါက စိစစ်ပြီး လွှဲပြောင်းပေးခြင်း သို့မဟုတ် ဈေးနှုန်းသတ်မှတ်၍ ရောင်းချပေးခြင်း။

၆၃။ ဝန်ကြီးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ် ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) အရ အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်–

(က) ပြစ်ဒဏ်တစ်ရပ်ရပ်ချမှတခြင်းမပြုမီ ငါးဖမ်းရေယာဉ်နှင့်ငါးဖမ်းကိရိယာများကို ထိန်းသိမ်းခွင့်ပြုရန် သို့မဟုတ် လုပ်ငန်းကိုဆက်လက်လုပ်ကိုင်ခွင့်ပြုရန် ပိုင်ရှင်သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရသူကလျှောက်ထားလာပါက စိစစ်ခွင့်ပြုခြင်း၊ ယင်းသို့ခွင့်ပြုပါက ခံဝန်ငွေပမာဏနှင့် ပေးသွင်းရမည့်နေရာဒေသ သတ်မှတ်ပေးခြင်း၊

(ခ) ခံဝန်ငွေပေးသွင်းပြီးပါက ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းကိရိယာများကို လျှောက်ထားသူအား ပြန်လည်ပေးအပ်ထားခြင်း သို့မဟုတ် လုပ်ငန်းကို ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်း။

၆၄။ ဝန်ကြီးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါပြဋ္ဌာန်းချက်တစ် ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဃ)အရ အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်–

(က) ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာနှင့်အခြားသက်သေခံပစ္စည်းများကို သင့်လျော်သော ဒဏ်ကြေးပေးဆောင်စေပြီး ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူအား ပြန်လည် ရေးယူခွင့်ပြုခြင်း၊

(ခ) အပိုဒ်ခွဲ(က)အရ ပေးသွင်းရန်ရှိသည့် ဒဏ်ကြေးနှင့်အခြားကျသင့်ငွေများကို သတ်မှတ်သည့် ရက်အတွင်း ပေးဆောင်ရန် ညွှန်ကြားခြင်း၊

(ဂ) အပိုဒ်ခွဲ(ခ)အရ ပေးဆောင်ရန်ရှိသည့်ဒဏ်ကြေးနှင့်အခြားကျသင့်ငွေများကို ပေးဆောင်ရန် ပျက်ကွက်ပါက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ယာယီဆိုင်းငံ့ခြင်း၊

(ဃ) အပိုဒ်ခွဲ(ခ)အရ ပေးဆောင်ရန်ရှိသည့်ဒဏ်ကြေးနှင့်အခြားကျသင့်ငွေများကို သတ်မှတ်သည့် ရက်ကျော်လွန်ပြီးမှ ပေးသွင်းပါက ရက်လွန်ကြေးကို ထပ်မံပေးဆောင်းစေခြင်း၊

(င) ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက ဒဏ်ကြေးပေးသွင်းခြင်းမပြုသည့်အပြင် အယူခံဝင်ရောက်ခြင်းလည်းမရှိပါက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကိုပယ်ဖျက်ခြင်း၊ သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း၍ လေလံတင်ရောင်းချခြင်း၊ သက်ဆိုင်ရာ ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်ကိုဌာန၏တာဝန်ဖြင့် ထပ်မံ အငှားချ ထားခြင်း။

(စ) ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိသူက အယူခံဝင်ရောက်လျှင် အယူခံတွင် ချမှတ် သည့်အမိန့်အတိုင်း ဆောင်ရက်ခြင်း။

## အခန်း (၁၂)
## ပြည်နယ်ဦးစီးဌာနမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆၅။ ပြည်နယ်ဦးစီးဌာနမှူးသည် အရစ်ကျပေးဆောင်ရန် ပျက်ကွက်ခြင်းအတွက် ပေးဆောင်ရမည့် ဒဏ်ကြေးနှင့် ရက်လွန်ကြေးကို သတ်မှတ်ပေးရမည်။

၆၆။ ပြည်နယ်ဦးစီးဌာနမှူးသည် အပိုဒ် ၁၅၊ အပိုဒ်ခွဲ(ဃ) နှင့် အပိုဒ် ၃၃၊ အပိုဒ်ခွဲ(ဂ) တို့အရ ရောင်းချ ၍မရနိုင်သော တင်ဒါငါးဖမ်းကွက် သို့မဟုတ် တင်ဒါငါးဖမ်းကွက်ကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များချမှတ်နိုင်ရန် တင်ပြလာသည့်ကိစ္စတွင် အောက်ပါအချက်များအပေါ် အခြေခံ၍စိစစ်ပြီး တင်ပြသည့်ငါးဖမ်းရာသီအတွက် ပိတ်သိမ်းခွင့်ပြုခြင်း၊ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုခြင်း၊ သင့်လျော်သောဈေးနှုန်းပြင်ဆင်သတ်မှတ်၍ လေလံတင်ရောင်းချခြင်း သို့မဟုတ် လိုအပ်သောညွှန်ကြားချက်များချမှတ်ခြင်းတို့ကို ပြုလုပ်နိုင်သည်-

(က) ရာသီဥတုအခြေအနေ၊

(ခ) ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်အခြေအနေ၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ရန် ကျန်ရှိသည့်ကာလ၊

(ဃ) လွန်ခဲ့သော ၅ နှစ်ပျမ်းမျှ ဈေးနှုန်း၊ ယခင်နှစ်ဈေးနှုန်း၊ ယခုနှစ်ဈေးနှုန်း။

၆၇။ ပြည်နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ရေချိုငါးလုပ်ငန်းရေပြင်မှ ငါးထုတ်လုပ်မှု ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်ခြင်း၊

(ခ) ငါးမျိုးပြုန်းတီးမှုကိုကာကွယ်တားဆီးရန်နှင့် ငါးဖမ်းခြင်းကိစ္စများကို ကြီးကြပ်ထိန်းသိမ်းရန် ဆောင်ရွက်ခြင်း၊

(ဂ) ငါးများနေထိုင်ကျက်စားသည့် သဘာဝပတ်ဝန်းကျင်အခြေအနေများမပျက်စီးမပြုန်းတီးစေရန် အစီအမံများချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) ရေချိုငါးလုပ်ငန်းရေပြင်များ ညစ်ညမ်းမှုမရှိစေရန်နှင့် ပျက်စီးခြင်းမှ ကာကွယ်ရန်တို့ကို စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက်တွင်ခင့်ပြုသည့်ငါးဖမ်းရက်ကိုကျော်လွန်၍ ရာသီဥတုကြောင့် ဖြစ်စေ၊ သီးနှံစိုက်ပျိုးခြင်းကြောင့်ဖြစ်စေ၊ ကြေးတိုင်အင်းများ ငါးမျိုးချန်လုပ်ရန်ဖြစ်စေ ငါးဖမ်းရနခွင့်ပြုခြင်းကို စိစစ်၍ ဝန်ကြီးထံတင်ပြပြီး အတည်ပြုချက်ရယူခြင်း။

၆၈။ ပြည်နယ်ဦးစီးဌာနမှူးသည် ဥပဒေနှင့် ဤလုပ်ထုံးလုပ်နည်းများအရ မိမိအားအပ်နှင်းသော ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့် သက်ဆိုင်သည့် လုပ်ပိုင်ခွင့်များကို-

(က) ကိုယ်တိုင်ကျင့်သုံးဆောင်ရွက်နိုင်သည်၊

(ခ) အစိုးရအဖွဲ့နှင့်ဝန်ကြီး၏သဘောတူညီချက်ဖြင့် ဦးစီးဌာနမှူးတစ်ဦးဦးကိုဖြစ်စေ၊ ဦးစီးဌာနရှိ ပြန်တမးဝင်အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ လွှဲအပ်ဆောင်ရွက်နိုင်သည်။

## အခန်း (၁၃)
## ပြန်အမ်းငွေလျှော့ထားခြင်း၊ ထုတ်ပေးခြင်း

၆၉။ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူသည် နိုင်ငံတော်၏အကျိုးငှာလိုအပ်၍ အငှားဂရန်၊ တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရပ်သိမ်းခြင်းခံရလျှင်သော်လည်းကောင်း၊ သဘာဝဘေး

အန္တရာယ်ကြောင့် ငါးထုတ်လုပ်မှုကို ထိခိုက်နစ်နာစေလျှင်သော်လည်းကောင်း အငှားဂရန်၊ တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရပ်သိမ်းခြင်းပြုသည့်အကြောင်းကြားစာ လက်ခံရရှိသည့်နေ့၊ ငါးထုတ်လုပ်မှုကိုနစ်နာသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း မိမိပေးသွင်းထားသော အင်းခွန် သို့မဟုတ် တင်ဒါကြေးမှ ပြန်အမ်းငွေကို ပြန်လည်ထုတ်ပေးရန် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြ၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးမှတဆင့် ပြည်နယ်ဦးစီးဌာနမှူးထံသို့အဆင့်ဆင့် လျှောက်ထားနိုင်သည်-

(က) နိုင်ငံတော်အကျိုးငှာ လိုအပ်၍ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရပ်သိမ်းခြင်းခံရသည့် ကိစ္စဖြစ်လျှင် ရးအမိန့်စာ မူရင်း သို့မဟုတ် မိတ္တူမှန်၊

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် မူရင်း သို့မဟုတ် မိတ္တူမှန်၊

(ဂ) မိမိဆောင်ရက်ထားသည့် ငါးဖမ်းဆီးရရှိမှုအခြေအနေနှင့် လုပ်ငန်းအခြေအနေတင်ပြချက်၊

(ဃ) တင်ပြလိုသည့် အခြားအထောက်အထားနှင့် ထောက်ခံချက်များ။

၇၀။ ခရိုင်ဦးစီးဌာနမှူးသည် အပိုဒ် ၆၉ အရ ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရန်လျှောက်လွှာလက်ခံရရှိပါက အမှုတွဲဖွင့်လှစ်၍ လျှောက်ထားသည့်အချက်များမှနကန်မှု ရှိ မရှိကို ဖြစ်ပွားရာဒေသသို့ သွားရောက်ကြည့်ရှုစစ်ဆေးရမည်။

၇၁။ အောက်ပါအချက်တစ်ရပ်ရပ်ကြောင့် နစ်နာမှုရှိလျှင် ပြန်အမ်းငွေကို ပြန်လည်ထုတ်ပေးရန် လျှောက်ထားခွင့်မရှိစေရ-

(က) ရေကြီးခြင်း၊ရေလွှမ်းမိုးခြင်း၊ရေတိုက်စားခြင်းကြောင့်ငါးဖမ်းကိရိယာများရေမျှောပါသွားခြင်း၊

(ခ) နုံးမြေများတင်လာ၍ တင်ဒါငါးဖမ်းကွက်များပျက်စီးခြင်း၊

(ဂ) တင်ဒါငါးဖမ်းကွက်အတွင်း အဆိပ်အတောက်၊ ပေါက်ကွဲစေတတ်သောပစ္စည်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ယင်းကဲ့သို့အန္တရာယ်ဖြစ်စေတတ်သော အခြားပစ္စည်းများဖြင့် အကျိုးဖျက် ဆီးခံရခြင်း၊

(ဃ) ငါးများခိုးယူခံရခြင်း။

၇၂။ ခရိုင်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေထုတ်ပေးရန်လျှောက်လွှာအမှုတွဲကိုစိစစ်ပြီး မိမိ၏သဘောထား မှတ်ချက်နှင့်အတူ ပြည်နယ်ဦးစီးဌာနမှူးမှတဆင့် ဝန်ကြီးထံတင်ပြရမည်-

(က) မိမိထုတ်ပေးပိုင်ခွင့်ရှိသော ပြန်အမ်းငွေပမာဏဖြစ်လျှင် ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရမည်၊

(ခ) မိမိထုတ်ပေးပိုင်ခွင့်မရှိသော ပြန်အမ်းငွေပမာဏဖြစ်လျှင် သဘောထားမှတ်ချက်နှင့်အတူ ပြည်နယ်စီးဌာနမှူးမှတဆင့် ဝန်ကြီးထံ အဆင့်ဆင့် တင်ပြရမည်။

၇၃။ ဝန်ကြီး၏စိစစ်ခွင့်ပြုချက်ဖြင့် ပြည်နယ်ဦးစီးဌာနမှူးသည် အပိုဒ ၇၂ အရ ပြန်အမ်းငွေပြန်လည် ထုတ်ပေးရန်လျှောက်လွှာအမှုတွဲ လက်ခံရရှိသည့်အခါ ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရမည်။

၇၄။ (က) ပြည်နယ်ဦးစီးဌာနမှူးသည် ဝန်ကြီး၏သဘောတူညီချက်ရရှိပါက ပြန်အမ်းငွေပြန်လည်ထုတ် ပေးရန် ခရင်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်၊

(ခ) ခရင်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန်ငြင်းပယ်ခြင်းခံရလျှင် သက်ဆိုင်ရာ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၇၅။ ခရင်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေပြန်လည်ထုတ်ပေးပြီးပါက ကျိုးကြောင်းဖော်ပြချက် အစီရင်ခံ စာကို ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြရမည်။

အခန်း (၁၄)
ကြွေးကျန်များကောက်ခံခြင်း

၇၆။ မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက် သို့မဟုတ် ငါးဖမ်းကိရိယာနှင့် စပ်လျဉ်း၍လည်းကောင်း၊ အရစ်ကျပေးဆောင်ရန် အငှားချထားသည့် ဂရန်အင်း တင်ဒါငါးဖမ်းကွက်နှင့် စပ်လျဉ်း၍ လည်းကောင်း၊ အင်းခွန်တင်ဒါကြေး၊ လိုင်စင်ခနှင့်ဒဏ်ကြေးများကို ဥပဒေပုဒ်မ ၄၅ အရ မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့မှတ်ယူ၍ အရကောက်ခံရာတွင် အောက်ပါ အတိုင်းဆောင်ရက်ရမည်−

(က) ငါးလုပ်ငန်းလုပ်ကင်ခွင့်ရရှိသူက ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခ သိမဟုတ် ဒဏ်ကြေးတို့ကို သတ်မှတ်သည့်အချိန်ကာလအတွင်းပေးဆောင်စေရန် အကြောင်း ကြားခြင်း၊

(ခ) အပိုဒ်ခွဲ(က)အရ သတ်မှတ်သည့်အချိန်ကာလအတွင်းပေးဆောင်ခြင်းမပြုပါက မပေးဆောင်သူအား ပျက်ကွက်သူအဖြစ်မှတ်ယူခြင်း၊

(ဂ) ပျက်ကွက်သူပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းတစ်စုံတစ်ရာကို ဝရမ်းကပ်သိမ်းဆည်း ၍ ရောင်းချခြင်း၊

(ဃ) အပိုဒ်ခွဲ(ဂ)အရ ရောင်းချရာတွင် ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့် အခွန်ငွေထက်ပိုနေပါက ကျသင့်ငွေနှင့်ကုန်ကျစရိတ်များကိုနှုတ်ယူ၍ ပိုငွေကိုပျက်ကွက်သူအားပြန်လည် ပေးအပ်ခြင်း၊ ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့်အခွန်ငွေမပြည့်မီပါက ကျန်ရှိသည် အခွန်ငွေအတွက် ပျက်ကွက်သူပိုင်မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းတစ်စုံတစ်ရာကို ဝရမ်းကပ် သိမ်းဆည်းရောင်းချခြင်း၊

(င) ပျက်ကွက်သူပိုင် မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းရောင်းချရာတွင် ရရှိသည့်ငွေသည် ပျက်ကွက်သူပေးသွင်းရမည့် အခွန်ငွေထက်ပိုနေပါက ကျသင့်ငွေနှင့်ကုန်ကျစရိတ်မ္မားကို နှုတ်ယူ၍ ပိုငွေကိုပျက်ကွက်သူအားပြန်လည်ပေးအပ်ခြင်း၊ ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့် အခွန်ငွေမပြည့်မီသေးပါက ကျန်ရှိသည့်အခွန်ငွေအတွက် အာမခံတင်သွင်းထားသူ၏ပစ္စည်း ကို ရောင်းချခြင်း၊ ပိုငွေရှိလျှင် အာမခံတင်သွင်းထားသူအား ပြန်လည်ပေးအပ်ခြင်း။

၇၇။ ပြည်နယ်ဦးစီးဌာနမှူးသည် အပိုဒ် ၇၆၊ အပိုဒ်ခွဲ(က)အရ ပျက်ကွက်သူထံ အကြောင်းကြားစာကို အောက်ပါ နည်းလမ်းအတိုင်း ပေးအပ်ရမည်-

(က) ပျက်ကွက်သူသို့ပေးအပ်ခြင်း၊

(ခ) ပျက်ကွက်သူ၏ကိုယ်စားလှယ်သို့ပေးအပ်ခြင်း၊

(ဂ) ပျကကွက်သူနှင့်သာမန်အားဖြင့် အတူတကွနေထိုင်၍ မိသားစုဝင်လည်းဖြစ်သည့် အရွယ်ရောက်သူ တစ်ဦးဦးသို့ပေးအပ်ခြင်း၊

(ဃ) အထက်ဖော်ပြပါနည်းလမ်းများအနက်မှ တစ်နည်းနည်းဖြင့်ပေးအပ်၍မရပါက ရပ်ကွက်အုပ်ချုပ်ရေးမှူးထံအကြောင်းကြား၍ပျက်ကွက်သူနေထိုင်သောနေအိမ်ရှေ့တွင်အကြောင်းကြားစာကပ်ထားခြင်း။

၇၈။ အကြောင်းကြားစာတွင် အောက်ပါအချက်များထည့်သွင်းဖော်ပြရမည်-

(က) ပျက်ကွက်သူမှ ငွေပေးဆောင်ရမည့် အကြောင်းကိစ္စ၊

(ခ) ပျက်ကွက်သူကပေးဆောင်ရမည့် ငွေကြေးပမာဏ၊

(ဂ) ပျက်ကွက်သူမှနောက်ဆုံးပေးဆောင်ရမည့် နေ့ရက်၊ အချိန်၊ နေရာ၊

(ဃ) ပေးဆောင်ရမည့်ငွေကို မည်သူထံပေးဆောင်ရမည်။

၇၉။ ခရိုင်ဦးစီးဌာနမှူးသည် ပျက်ကွက်သူပိုင် မရွှေ့ပြောင်းနိုင်သည့် ပစည်းများကို လေလံတင်ရောင်းချ ရာတွင်-

(က) လေလံတင်ရောင်းချခြင်းမပြုမီ အနည်းဆုံး ၁၅ ရက်ကြိုတင်၍ လေလံကြော်ငြာစာဖြင့် ကြေညာရမည်၊

(ခ) အပိုဒ်ခွဲ(က)အရ လေလံကြော်ငြာစာ၌ ရောင်းချမည့်ပစည်းနှင့်စပ်လျှဉ်း၍ တည်နေရာ၊ မည်သူပင်ဆိုင်သည်၊ မည်သို့သော အခွင့်အရေးများရှိသည် စသည့်အချက်များနှင့်တကွ လေလံတင်ရောင်းချမည့်နေ့ရက်၊ အချိန်၊ နေရာနှင့်စည်းကမ်းချက်များကိုဖော်ပြရမည်၊

(ဂ) ပျက်ကွက်သူ၏ မျက်ကွယ်တွင် လက်ငင်းငွေချေစနစ်ဖြင့် ရောင်းချရမည်၊

(ဃ) လေလံဆွဲဝယ်မည့်သူမရှိလျှင်ဖြစ်စေ၊ အမြင့်ဆုံးပေးသည့် လေလံငွေမှာ မြေခွန်မပြေကျန်ငွေ နှင့် ကုန်ကျစရိတ်အောက် လျော့နည်းနေလျှင်ဖြစ်စေ လေလံပွဲကိုရွှေ့ဆိုင်း၍ ထပ်မံလေလံ တင်ရောင်းချရမည်၊

(င) ရရှိသည့်ငွေမှရရှိရန်ရှိသော မြေခွန်မပြေကျန်ငွေနှင့် ကုန်ကျစရိတ်ကိုနှုတ်ယူ၍ ဘဏ္ဍာသို့ ပေးသွင်းပြီး ပိုငွေကို ပျက်ကက်သူသို့ ပြန်လည်ပေးအပ်ရမည်။

## အခန်း (၁၅)
## အထွေထွေ

၈၀။ ပြည်နယ်ဦးစီးဌာနမှူးသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ နယ်မြေအတွင်းကျရောက်သည့် ရေချိုငါးလုပ်ငန်းရေပြင်တွင် ဥပဒေပုဒ်မ ၇ နှင့် ၉ အရ အငှားဂရန် ချထားခြင်း၊ တင်ဒါလိုင်စင်ချထားခြင်း သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပြုခြင်းတို့ကို ဆောင်ရက်ရာတွင်-

(က) သက်ဆိုင်ရာအစိုးရဌာန၊ အဖအစည်း၏ သဘောထားမှတ်ချက်ရယူရမည်၊

(ခ) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းမှလုပ်ငန်းလိုအပ်ချက်အရ ထည့်သွင်းလိုသောအချက်များကို အငှားဂရန်နှင့် တင်ဒါလိုင်စင်တွင် စည်းကမ်းချက်အဖြစ် ထည့်သွင်းပေးရမည်။

၈၁။ ပြည်နယ်ဦးစီးဌာနမှူးသည် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ အကူအညီရယူ၍ ဂရန်အင်း၊ သီးသန့်အင်းနှင့် တင်ဒါငါးဖမ်းကွက်မြေပုံများကို ပြန်လည်စိစစ်ခြင်း၊ ပြောင်းလဲလာသော သဘာဝအခြေ အနေများနှင့်အညီ ပြန်လည်ရေးဆွဲ၍ မှတ်တမ်းတင်ထိန်းသိမ်းထားခြင်းတို့ကို ဆောင်ရက်ရမည်။

၈၂။ ပြည်နယ်ဦးစီးဌာနမှူးသည် နှစ်စဉ်ငါးလုပ်ငန်းရာသီကုန်ဆုံးသည့်အခါ အောက်ပါအချက်များ ပါဝင်သော အစီရင်ခံစာတစ်စောင်ကို ရက်ပေါင်း ၉၀ အတွင်း ဝန်ကြီးသို့တင်ပြရမည်-

(က) အငှားဂရန်၊ တင်ဒါလိုင်စင်နှင့် ငါးဖမ်းကိရိယာလိုင်စင် အငှားချထားမှုအခြေအနေ၊

(ခ) နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် အငှားချထားမှုအခြေအနေ၊

(ဂ) ငါးထုတ်လုပ်နိုင်မှုအခြေအနေ၊

(ဃ) ဥပဒေအရအရေးယူဆောင်ရက်မှုအခြေအနေ၊

(င) ဥပဒေအရ အရေးယူသည့်ကိစတွင် သက်သေခံအဖြစ် သိမ်းဆည်းထားသောပစည်းများနှင စပ်လျှဉ်း၍ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊ စီမံခန့်ခွဲခြင်း ဆောင်ရက်မှုအခြေအနေ၊

(စ) ဂရန်အင်း တင်ဒါငါးဖမ်းကွက်နယ်နိမိတ်များ သတ်မှတ်ဖော်ထုတ်မှုအခြေအနေ၊

(ဆ) နောင်လာမည့်ငါးဖမ်းရာသီတွင် ငါးဖမ်းလုပ်ငန်းဆောင်ရွက်မည့်စီမံချက်။

၈၃။ ဦးစီးဌာနသည် ငါးမျိုးထိန်းသိမ်းခြင်းနှင့်ငါးဖမ်းဆီးခြင်းဆိုင်ရာ နည်းပညာရပ်များ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အများပြည်သူအား ပညာပေးစည်းရုံးခြင်း၊ ဟောပြောပွဲများကျင်းပခြင်း၊ ခေတ်မီနည်းပညာစာအုပ်စာတမ်းများဖြန့်ဝေခြင်း၊ သုတေသနပြုလုပ်ခြင်း၊ သုတေသနစာတမ်းများဖတ်ကြားခြင်း တို့ကို အခါအားလျော်စွာ ဆောင်ရွက်ရမည်။

၈၄။ (က) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)အရ ဝန်ကြီးက တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းပြုလျှင် ယင်းသို့ပယ်ဖျက်သည့်နေ့ သို့မဟုတ် အမိန့်စာလက်ခံရရှိသည့်နေ့မှစ၍ လုပ်ငန်းကိုရပ်ဆိုင်းပြီး သက်ဆိုင်ရာဦးစီး

ဌာန မှူးထံ သက်ဆိုင်ရာအငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ပြန်လည်အပ်နှံ၍ လုပ်ကိုင်ခွင့် ပြုသည့်နေရာဒေသမှ ၇ ရက်အတွင်း ထွက်ခွာပေးရမည်၊

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အပိုဒ်ခွဲ(က)အရ ဆောင်ရက်ရန် ပျက်ကွက်ပါက ဥပဒေ ပုဒ်မ ၁၅ (ခ) အရ ဖောက်ဖျက်ကျူးလွန်သည်ဟု မှတ်ယူခြင်းခံရမည်။

၈၅။ ပြည်နယ်ဦးစီးဌာနမှူးသည် ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အကျုံးမဝင်သောကိစ္စရပ်များ ကို လုပ်ကိုင်ဆောင်ရွက်ရန် နည်းလမ်းများသတ်မှတ်ပေးခြင်း သို့မဟုတ် ဓလေ့ထုံးစံနှင့်အညီခွင့်ပြုခြင်း ဆောင်ရွက်နိုင်သည်။

၈၆။ ပြည်နယ်ဦးစီးဌာနမှူးသည် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်တစ်ခုစီ၏ နယ်နိမိတ် အတိုင်းအတာ ကို သတ်မှတ်ရာတွင် အောက်ပါအတိုင်းဆောင်ရွက်ရမည်–

(က) နယ်နိမိတ်သတ်မှတ်ပြီးဖြစ်ပါက ယင်းနယ်နိမိတ်ကို တိကျစွာဖော်ပြရမည်၊

(ခ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ နယ်မြေအတွင်းဖြစ်ပါက ဥပဒေပုဒ်မ ၁၇ (ခ) အရ သက်ဆိုင်ရာအစိုးရဌာနနှင့် ညှိနှိုင်း၍ နယ်နိမိတ်ကို သတ်မှတ်ဖော်ပြရပါမည်၊

(ဂ) အပိုဒ်ခွဲ(က) သို့မဟုတ် အပိုဒ်ခွဲ(ခ)အရသတ်မှတ်ထားခြင်းမရှိလျှင် ယခင်ကလုပ်ကိုင်ခဲ့ပြီး အသိအမှတ်ပြုထားသည့် နယ်နိမိတ်အတိုင်းဖြစ်စေရမည်။

၈၇။ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနသည် သာမန်လုပ်သားပြည်သူများ ဝမ်းစာရှာဖွေစားသောက်ရန် အခွန်လွတ်ငါးဖမ်းကိရိယာအဖြစ် အောက်ပါတို့ကို ခွင့်ပြုသတ်မှတ်ပေးမည်–

| | | |
|---|---|---|
| (က) | လက်ထွန် လူတစ်ဦးလျှင် | (၃) လက် |
| (ခ) | ကိုင်းထောက် လူတစ်ဦးလျှင် | (၁၀) ခု |
| (ဂ) | ထောင်ကျင်း (သို့မဟုတ်) တိုင်ထောင်ငါးမျှား လူတစ်ဦးလျှင် | (၃) ခု |
| (ဃ) | ငါးမျှားတန်း လူတစ်ဦးလျှင်(ငါးမျှားချိတ် ၂၀ ထက်မပိုရ) | (၁) တန်း |
| (င) | ဘူးမျှော လူတစ်ဦးလျှင် | (၃) ခု |
| (စ) | လက်ပစ်ကွန်(သို့မဟုတ်)ကွန်စိပ် လူတစ်ဦးလျှင် | (၁)လက် |

မျက်နှာ၁၀ (၇)တောင်ထက်မပိုရ၊(လှေမသုံးရ)

(ဆ) ရင်တွန်း လူတစ်ဦးလျှင် အဝ(၃)တောင်ထက်မပိုရ (၁) ခု

(ဇ) ဂေါ်ခပ်(သို့မဟုတ်) ယက်သဲ့ အဝန်း ၂ တောင်ထက်မပိုရ (၁) ခု

(ဈ) မြူးငယ်အမျိုးမျိုး(ပုစွန်မြှုး/ခရာမြှုး စသည်) လူတစ်ဦးလျှင် (၂၀) လုံး

(ည) မြှုးကြီး(ရေချို) လူတစ်ဦးလျှင် (၃) လုံး

(ဋ) တုပ်(သို့မဟုတ်) ကုပ်ကတုံး လူတစ်ဦးလျှင် (၃) ခု

(ဌ) လုံထိုး လူတစ်ဦးလျှင် (၁) ခု

(ဍ) ဆောင်း(သို့မဟုတ်)ဆောင်းအုပ် လူတစ်ဦးလျှင် (၁) လက်

(ဎ) ပေါ်ခပ် အဝန်း ၃ တောင် လူတစ်ဦးလျှင် (၁) ခု

၈၈။ ရေချိုငါးလုပ်ငန်းဥပဒေအရ အရေးယူဆောင်ရွက်ရန် နည်းလမ်းများနှင့်စပ်လျဉ်း၍ ဤရေချိုငါးလုပ်ငန်းဆိုင်ရာနည်းဥပဒေများတွင် သတ်မှတ်ထားခြင်းမရှိလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးနိုင်သည်။

(စောမြင့်ဦး)
ပြည်နယ်ဝန်ကြီး
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

စာအမှတ်၊ /စိုက်–မွေး/၂၀၁၆–၂၀၁၇
ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ လ ( ) ရက်

မိတ္တူကို–

၁။ ဝန်ကြီးချုပ်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ဘားအံမြို့။
၂။ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်၊ ဘားအံမြို့။
၃။ ပြည်နယ်ဥပဒေချုပ်၊ ဘားအံမြို့။
၄။ ရုံးလက်ခံ/မျှောစာတွဲ။